မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၉ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဇီလာ ရာမန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အင်တိုက်အားတိုက် ဖော်ဆောင်

ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစ်ဖက်က ထမ်းဆောင်နေသလို အခြားတစ်ဖက်ကလဲ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ ဒို့တစ်တွေဟာ တောအနှံ့၊ တောင်အနှံ့ရောက်ခဲ့ကြတဲ့ တပ်မတော်သားတွေဖြစ်တာနဲ့အညီ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့အပြင် လက်နက်ကိုင် ဆန့်ကျင်မှုတွေကြောင့် နိမ့်ကျခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ဘဝတွေကို စာနာနားလည်ကြသူတွေဖြစ်တယ်။ ဒါကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းချမှတ်ပြီး အင်တိုက်အားတိုက် ဖော်ဆောင်ပေးခဲ့တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၉ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ပြည်ထောင်စုလမ်းကွန်ရက်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်များဖြစ်သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့အကြား ဆက်သွယ်ထား နိုင်ငံတော်၏ အထက်နှင့်အောက် ကူးလူးဆက်သွယ်နိုင်ရေး အသက်သွေးကြောသဖွယ်အရေးကြီး

ရန်ကုန်နှင့် မန္တလေးအကြား အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အထောက်အကူပြုနိုင်မည်

နေပြည်တော် မတ် ၂၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါ အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀၂/၁) နေပြည်တော် စီ-လမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ရန်ကုန်-မန္တလေး အမြန်ရထားလမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၉ ခုနှစ် မတ် ၂၆ ရက်)

ပေါင်းစည်းညီညွတ်မှုအင်အားဖြင့် နိုင်ငံတော်သစ်တည်ဆောက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး၌ စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေခံများနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးအခြေခံများကို ပြည့်စုံလုနီးပါး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ခဲ့၍ ဧရာဝတီတိုင်းအပါအဝင် ပြည်ထောင်စုတစ်ဝန်း သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်းတစ်တိုင်းလုံး ကွက်ပြည့်ဖွံ့ဖြိုးလာစေရန် ပုသိမ်၊ ဟသ်ာတနှင့် မအူပင်ဒေသများကို ဖွံ့ဖြိုးရေးအထူးဒေသများအဖြစ် သတ်မှတ်၍ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းများကို ဖြည့်ဆည်းပေးခဲ့သဖြင့် ပိုမိုမြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့သည်။

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်ခဲ့ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်ပေသည်။

ဧရာဝတီတိုင်းသားများ၏ ပူးပေါင်းဆောင်ရွက်တတ်မှု၊ အပြန်အလှန်စေတနာထား ပံ့ပိုးကူညီ စောင့်ရှောက်တတ်မှု စသည့် ကောင်းမြတ်သော အလေ့အထကောင်းများကို နာဂစ်မုန်တိုင်းကယ်ဆယ်ရေး၌ လက်တွေ့မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ဒေသခံပြည်သူများ မိမိမွေးရပ်ဇာတိ၏ ဖွံ့ဖြိုးရေးကို စိတ်ဝင်စားစွာ စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးအထောက်အကူပြုမှု စသည်တို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာခဲ့ခြင်းဖြစ်သည်။

ဤမျှ ပြင်းထန်သော သဘာဝဘေးဒဏ်ကို မကြုံစဖူးရင်ဆိုင်ခဲ့ရသော်လည်း မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု၊ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် စောင့်ရှောက်လုပ်ကိုင်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ ဆားလုပ်ငန်း၊ ရေလုပ်ငန်းအဝဝသည် ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများသည် ကြိုးကြိုးစားစားနှင့် လုပ်ဆောင်ကြပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ဟန်ချက်ညီညီ ပေါင်းစည်းညီညွတ်မှုအင်အားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အများပြည်သူဆိုင်ရာအဆောက်အအုံများ၌ ဆေးလိပ်မသောက်ရေး ဂျပန်ပိတ်ပင်မည်

တိုကျို မတ် ၂၅

ဆေးလိပ်သောက်သူများကြောင့် ဆေးလိပ်ငွေ့များ မရှူရှိုက်မိစေရန် ကာကွယ်တားဆီးသည့်အနေဖြင့် ဂျပန်အစိုးရက ဆေးရုံများ၊ အစိုးရရုံးများနှင့် ပြည်သူ့ဆက်သွယ်ရေးလုပ်ငန်းများကဲ့သို့သော လူအများနေထိုင်ရာ အဆောက်အအုံများတွင် ဆေးလိပ်သောက်မှု ပိတ်ပင်ရန် စီစဉ်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက မတ် ၂၄ရက်တွင် ဖော်ပြသည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယင်းအစီအစဉ်ကို လာမည့်လတွင် ကြေညာရန် စီစဉ်ထားသည်။ သို့ရာတွင် လောလောဆယ်အချိန်၌ စားသောက်ဆိုင်များနှင့် ဟိုတယ်များတွင် ယင်းပိတ်ပင်မှုကင်းလွတ်စေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ပိတ်ပင်ခြင်းဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ထိခိုက်နိုင်သောကြောင့်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေက ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တာလီဘန်ကို ပူးပေါင်းနှိမ်နင်းရန် အိန္ဒိယ၊ အီရန်နှင့် ရုရှား စဉ်းစားလျက်ရှိ

နယူးဒေလီ မတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့၏ ကြီးထွားလာသောဩဇာကို ထိန်းချုပ်ရေးအတွက် အိန္ဒိယ၊ အီရန်နှင့် ရုရှားတို့က ပူးပေါင်းဆောင်ရွက်ရန် စဉ်းစားလျက်ရှိကြောင်း မတ် ၂၄ရက်ထုတ် တိုင်းအော့ဖ်အင်ဒီးယား သတင်းစာက ဖော်ပြလိုက်သည်။ မတ် ၂၇ရက်တွင် မော်စကို၌ ကျင်းပမည့် ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပသည့်အခါ သုံးနိုင်ငံက ထိုကိစ္စကို ဆွေးနွေးကြမည်ဟု သတင်းစာက ကိုးကားဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြဝတီရုပ်မြင်သံကြား

၂၆-၃-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၆)
၇း၀၀ ၁၄။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **ထာဝရ** (ဇာတ်သိမ်းပိုင်း) ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ နေတိုး၊ နိုင်းနိုင်း၊ မြင့်မြတ်၊ သဇင်၊ မိုးဟေကို (ဒါရိုက်တာ-မီးပွား)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၅)

မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၅

မန္တလေးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၁ ရက် နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်သို့ရောက်ရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသော ပတ်ဝန်းကျင်ကောင်းများဖြစ်ထွန်းရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအတွင်း ခြင်နိုင်ဆေးပက်ဖျန်းနေမှု၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် ခြင်ထောင်များ ခြင်နိုင်ဆေးရည်စိမ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ် ၁၉လမ်းနှင့် လမ်း၂၀ကြား ၈၇လမ်းသို့ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းနေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မဟာအောင်မြေမြို့နယ် ၈၆လမ်း၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ယူ၍ ရွှေတချောင်းမြောင်း မြေထိန်းနံရံ ကျောက်ရိုးစီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မဟာအောင်မြေမြို့နယ် ၁၉လမ်း၌ ကတ္တရာခင်းနေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မဟာအောင်မြေမြို့နယ် ၈၁လမ်း၌ ၄၁လမ်းမှ ၈၆လမ်းအထိ ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ရန် စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် ၇၃လမ်း၌ သိပ္ပံလမ်းမှ မနော်ဟရီလမ်းအထိ အမာခံကျောက်ခင်းနေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတံတား(ရတနာပုံ) ကြံ့ခိုင်မှုအခြေအနေများနှင့် မြစ်ကြောင်းရေစီးရေလာအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့၌ ယာဉ်တင် CDMA-450 တယ်လီဖုန်းစနစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့ တက်ရောက်

ရန်ကုန် မတ် ၂၅

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယာဉ်တင် CDMA-450 တယ်လီဖုန်းစနစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ရက်က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့က ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ဧည့်သည်များနှင့်အတူ အိတ်ချိန်းရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

တပ်ဆင်နိုင်သောအင်အား

အဆိုပါ ယာဉ်တင် CD MA-450 တယ်လီဖုန်းစနစ် ရေဒီယိုစခန်းရှိ စက်အမျိုးအစားမှာ ZTE- CB TS-I 2 အမျိုးအစားဖြစ်ပြီး တပ်ဆင်နိုင်သောအင်အားမှာ အလုံး၇၅၀ဖြစ်ကြောင်းနှင့် တပ်ဆင်ထားသောအင်အားမှာ အလုံး၅၀၀ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၇၆-၁၉၈၂) ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၇၆-၁၉၈၂)ခုနှစ် ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲနှင့် ပြန်လည်ဆုံတွေ့ပွဲကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဒေါက်တာအေးအေးသန်း ဖုန်း-၀၉-၈၆-၁၁၈၀၁၊ ဒေါက်တာမိုးမြဲ ဖုန်း-၀၁-၅၀၃၈၇၃၊ ၀၉-၈၀-၂၂၉၆၆၊ ဒေါက်တာဥမ္မာခိုင် ဖုန်း- ၀၁-၅၀၀၀၅၇၊ ၀၉-၅၁-၆၃၃၅၉၊ ဒေါက်တာကျော်ဝင်း ဖုန်း-၀၁-၅၁၀၂၁၄၊ ၀၉-၈၀-၂၃၈၁၁၊ ဒေါက်တာတင်မောင်ချစ် ဖုန်း- ၀၁-၅၃၅၉၉၆၊ ၀၉-၈၅-၈၆၀၅၁ နှင့် ဒေါက်တာမင်းသန်းညွန့် ဖုန်း-၀၁-၂၂၃၈၂၄၊ ၂၂၁၃၈၇၊ ၀၉-၅၀-၁၀၆၃၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားများကို အရင်းခံ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းတည်ဆောက်

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းမြင့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်း အပိုင်း) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ အမြန်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်၊ မန္တလေးမြို့မတေးဂီတ၊ စစ်ကိုင်းဗြောနှင့် ကျောက်ဆည်ဆင်အကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် -

ရှင်းလင်းတင်ပြ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဝမ်းမြောက်ဂုဏ်ယူ

ယနေ့အခမ်းအနားတွင် နေပြည်တော်ကို ဗဟိုပြုပြီး မြန်မာနိုင်ငံအထက်ပိုင်းနှင့် တောင်ပိုင်းဒေသများကို ဆက်သွယ်ပေးမည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ကြိုးပမ်းတည်ဆောက်ခဲ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် အခြေခံ

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန် လမ်းအပိုင်း) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆောက်အအုံများ၊ ပတ်ဝန်းကျင်ကောင်းများကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ပြီး ရည်ရွယ်ချက်ရှိရှိ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးကာလ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးများကြောင့် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာမှု အကျပ်အတည်းကို ဖြေရှင်းဆောင်ရွက်နေခဲ့ရပါကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး နှစ်ဆယ်ရာစုအတွင်းတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နိုင်ငံတော်ကို နှစ်ဆယ့်တစ်ရာစုတွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်၊ အဟန့်အတားအမျိုးမျိုးကို ကျော်လွှားပြီး ကြိုးပမ်းတည်ဆောက်လာခဲ့ခြင်း ဖြစ်ပါကြောင်း။

လူမှုရေးကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဖြည့်ဆည်းတည်ဆောက်

လက်ရှိအသုံးပြုနေသည့် ၄၁၂ မိုင်အရှည် ရန်ကုန်-မန္တလေးလမ်းသည် သက်တမ်းအားဖြင့် နှစ်ကာလမြောက်မြားစွာ ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးအကြား မြို့ပေါင်း ၂၀ ကျော်ကို ဖြတ်သန်းသွားရာ လမ်းကြောင်းတစ်လျှောက် တိုးတက်လာသော လူဦးရေနှင့် ယာဉ်စီးရေအများအပြားအတွက် သွားလာရန် အချိန်ကန့်သတ်ချက်၊ လမ်းနေရာကန့်သတ်ချက်များရှိလာခဲ့ပြီး နိုင်ငံတကာစံချိန်မီ လိုအပ်ချက်များဖြစ်သည့် လျင်မြန်စွာ သွားလာနိုင်မှု၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှု၊ စည်းကမ်းတကျဖြင့် လိုရာခရီးကို တည်ငြိမ်အေးချမ်းစွာရောက်ရှိစေနိုင်မှုစသော အင်္ဂါရပ်များဖြင့် ပြည့်စုံသည့် လမ်းမကြီးအဖြစ် ဖြည့်ဆည်းတည်ဆောက်ရန် လိုအပ်လာခဲ့ကြောင်း။

လမ်းဟောင်းကို ခေတ်စနစ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ထပ်မံချဲ့ထွင်ပြီး အသုံးပြုမည်ဆိုလျှင် ကုန်ကျစရိတ်များ ပိုမိုများပြားမည့်အပြင် ဖြတ်သန်းရာမြို့ရွာများတစ်လျှောက်တွင်လည်း လိုအပ်သကဲ့သို့ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် ကန့်သတ်ချက်များစွာကို ကျော်လွှားကြရမည်ဖြစ်ကြောင်း၊ ယင်းကန့်သတ်ချက်များရှိနေသဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အချိန်ပိုမိုကြန့်ကြာပြီး လိုအပ်ချက်များကိုလည်း အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုခက်ခဲလာမည်ဖြစ်ကြောင်း။

အမျိုးသားအကျိုးစီးပွား

ထို့ကြောင့် ယနေ့ခေတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည့် အခြေခံအဆောက်အအုံ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် လမ်းမကြီးကို အသစ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးကာလတစ်လျှောက် နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် ယခုကဲ့သို့ ရန်ကုန်နှင့် မန္တလေးအကြား အမြန်လမ်းမကြီး ဖောက်လုပ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေရှိမည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်အဝန်း တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ပြည်ထောင်စုနယ်မြေများ၏ ဗဟိုအချက်အချာကျသည့် နိုင်ငံ၏ အလယ်ပိုင်းဒေသတွင် အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ကို နိုင်ငံတကာမြို့တော် အင်္ဂါရပ်များနှင့်အညီ တည်ဆောက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် နေပြည်တော်ကို ဗဟိုပြုလျက် ပြည်နယ်နှင့်တိုင်းအသီးသီးကို လွယ်ကူစွာသွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ကြသည့် နိုင်ငံတော်၏ မဟာဗျူဟာ လမ်းမကြီးဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ် ဧပြီလက စတင်၍ ရန်ကုန် အမှတ်(၃)လမ်းမကြီးမှ မန္တလေးစကားအင်းအပိုင်းအထိ အရှည်မိုင် ၃၂၅ မိုင် ၆ ဖာလုံကို ဖောက်လုပ်အကောင်အထည်ဖော်လျက်ရှိရာတွင် ယခုအခါ

စာမျက်နှာ ၄ ကော်လံ ၁

တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရိုးမတောင်တန်းကြီးများ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ချောင်း အင်းအိုင်များ၊ သစ်တောကြီးများ၊ ကုန်းပြင်မြင့်နှင့် မြေပြန့်လွင်ပြင်များစသော သဘာဝအနေအထားများသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား ကူးသန်းဆက်သွယ်ရေးအတွက် အကန့်အသတ် အတားအဆီးများသဖွယ် ရှိနေခဲ့ပါကြောင်း။

ကွန်ရက်သဖွယ်

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝအတားအဆီးများ၊ သမိုင်းရေး အမွေဆိုးများကို ကျော်လွှားပြီး ပြည်ထောင်စုကြီး၏ နယ်မြေတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့သာမက တိုင်းရင်းသားများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီး၌ လမ်း၊ တံတားများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ် ချိတ်ဆက်နိုင်ရေး ဖောက်လုပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

မဟာဗျူဟာလမ်းမကြီး

ပြည်ထောင်စုလမ်း ကွန်ရက်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရန်ကုန်-မန္တလေး လမ်းမကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်များဖြစ်သော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အကြား ဆက်သွယ်ထားပြီး နိုင်ငံတော်၏ အထက်နှင့်အောက် ကူးလူးဆက်သွယ်ရေး၊ ကုန်စည် သယ်ယူပို့ဆောင်ရေးတို့အတွက် အသက်သွေးကြောသဖွယ် အရေးကြီးသည့် မဟာဗျူဟာလမ်းမကြီးပင် ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးအကြား အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊

26-3 (03).pmd 1 3/26/2009, 2:56 AM

စာမျက်နှာ ၃ မှ

ရန်ကုန် အမှတ်(၃)လမ်းမကြီးမှ နေပြည်တော်အထိ ၂၀၂ မိုင် ၁ ဖာလုံကို Two Way, Two Lane ပြီးစီးပြီဖြစ်သဖြင့် ပြည်သူများအသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ခေတ်မီနည်းစနစ်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်ထမ်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး တပ်မတော်သားများက အပိုင်းလိုက် တာဝန်ယူပြီး ရိုးမတောင်တန်း တောင်စွယ်များ၊ ရွံ့ညွန်တောများ၊ မြစ်၊ ချောင်း၊ အင်းအိုင်များ၊ သဘာဝပေါက်ရောက်တောများစသည့် အခက်အခဲအတားအဆီးများကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကျော်ဖြတ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို လမ်းနယ် အကျယ်ပေ ၃၆၀၊ လမ်းလယ်ကျွန်း အကျယ်ပေ ၃၀၊ အောက်ခံကွန်ကရစ်ထု ခြောက်လက်မ၊ မျက်နှာပြင်လွှာ ကွန်ကရစ်ထု ၁၂ လက်မ၊ ခံနိုင်ဝန်တန် ၈၀၊ တစ်ဖက်လျှင် လေးလမ်းသွားနှင့် နိုင်ငံတကာအဆင့်မီ ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ခေတ်မီနည်းစနစ်များဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပေ ၁၈၀ အထက်တံတား အသွား၊ အပြန် ၇၂ စင်း၊ ပေ ၁၈၀ အောက်နှင့် ပေ ၅၀ အထက်တံတားပေါင်း အသွား၊ အပြန် အစင်း ၂၀၀၊ ပေ ၅၀ အောက်တံတား အသွား၊အပြန် ၁၆၂ စင်းတို့ကို ထည့်သွင်းတည်ဆောက်ထားရှိပြီး ယနေ့ဖွင့်လှစ်သည့် ရန်ကုန်-နေပြည်တော် လမ်းပိုင်းသည် ခရီးသွားချိန် လေးနာရီခန့်ဖြင့် အရောက်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်များ အသွားအပြန် သီးခြားစီရှိစေရေး၊ ယာဉ်ဖြတ်သန်းမှုကြောင့် အန္တရာယ်မဖြစ်စေရေးတို့အတွက် Culvert Box ၈၈၄ စင်း၊ အမြန်လမ်းမကြီးအနီး ကျေးရွာများ အချင်းချင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် Under Pass ၇၅ စင်းတို့ကို စီမံဆောင်ရွက်ထားပါကြောင်း၊ ဤအမြန်လမ်းမကြီးတွင် စားသောက်ဆိုင်များ၊ မော်တော်ယာဉ်အလုပ်ရုံ၊ စက်သုံးဆီ အရောင်းဆိုင်၊ ယာဉ်ရပ်နားနေရာနှင့် ရဲစခန်းတို့ အသီးသီးပါဝင်သော Rest Camp သုံးခု၊ လမ်းအသုံးပြုခကောက်ခံရေးစခန်း Toll Gate ငါးခုတို့ကို ထည့်သွင်းတည်ဆောက် သွားမည်ဖြစ်ကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) တစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ရှိ ဆွာချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

စံကိုက်နှုန်းပြည့်

ထို့အပြင် ပဲခူးရိုးမအရှေ့နှင့် အနောက် ဖြတ်လမ်းများအပါအဝင် ရန်ကုန်-မန္တလေး လမ်းတစ်လျှောက် မြို့များနှင့် ဆက်သွယ်ရေးလမ်းပေါင်း ၁၃ လမ်းမှ တစ်ဆင့် အမြန်လမ်းမကြီးအပေါ်သို့ ဝင်ရောက်ဆက်စပ်သွားလာနိုင်ရန်ကိုလည်း တစ်ပါတည်း စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ အမြန်လမ်းမကြီးတစ်လျှောက် နိုင်ငံတကာခေတ်မီ လမ်းမကြီးတစ်ခု၏ ဝန်ဆောင်မှုလုပ်ငန်းများကို ရယူသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ ခေတ်မီနည်းပညာများ၏ စံကိုက်နှုန်းပြည့် အရည်အသွေးများနှင့်အညီ အပြည့်အဝထည့်သွင်းတည်ဆောက်ထားခြင်းကိုလည်း သိရှိခံစားနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ လေးနှစ်ကျော်ကာလအတွင်းတွင် မြန်မာအင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် နိုင်ငံတော်၏အဓိက ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အမျိုးသားရေး အောင်မြင်မှုမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်းလေးဆယ်ကျော်ကာလတွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့စဉ်က ပြည်ပကပညာရှင်များကို အဓိကအားထားခေါ်ယူအသုံးပြုခဲ့ရပြီး ငွေကြေးအကုန်အကျများစွာဖြင့် အောင်မြင်မှုမရခဲ့သော စီမံကိန်းကြီးများကို ယနေ့ကာလတွင် မြန်မာပညာရှင်များ၏ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူများအတွက် အောင်မြင်မှုအများအပြား ရယူဖော်ဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

တစ်ချိန်တည်းမှာပင် တည်ဆောက်ထားသည့် အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားများကို အရင်းခံပြီး လမ်း၊ တံတားများအပါအဝင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားများ၏ ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် မျှော်မှန်းပြီး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး (၁/၂၀၀၈)တွင်-

> **"ကုန်စည်များကို ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ရေး၊ တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှုလွယ်ကူပြီး အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး၊ ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကားလမ်း၊ ရထားလမ်းနှင့် တံတားများကို ကွန်ရက်ပမာ လက်ယှက်ထိုးပေါ်ထွက်လာစေရန်၊ တည်ဆောက်သော စီမံကိန်းလုပ်ငန်းများသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့် မြင့်မားရေးနှင့် မိမိတို့ရဲ့ မျိုးဆက်သစ် နောင်လာနောက်သားများ လက်ထက်အထိ ရေရှည်အကျိုးဖြစ်ထွန်းရေးတို့ကို ဖော်ဆောင်နိုင်ရမည်ဆိုတဲ့ အသိစိတ်ဓာတ်ဖြင့် စီမံကိန်းလုပ်ငန်းများကို ဖိဖိစီးစီး ထိထိရောက်ရောက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရန်"**
>
> လမ်းညွှန်မှာကြားချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ဆိုလျှင် တိုင်းရင်းသား ပြည်သူများသည် နိုင်ငံတစ်ဝန်းတွင် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း။
>
> နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- ယနေ့ ဖွင့်လှစ်လိုက်သည့် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် လမ်းမကြီးဖြတ်သန်းသွားရာ နယ်မြေဒေသ၊ မြို့ရွာများရှိ ပြည်သူလူထုများနှင့် တာဝန်ရှိဝန်ထမ်းများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါ။
- ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနည်းတူ တည်ဆောက်ဆဲနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများကို အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းသွားကြပါ။
- တည်ဆောက်ပြီး လမ်း၊ တံတားလုပ်ငန်းများအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး၊ သက်ဆိုင်ရာနယ်မြေဒေသများ၏ လူမှုစီးပွားရေးလုပ်ငန်းများတွင် အကျိုးပြုနိုင်စေရေးအတွက် အမျိုးသားအမြင်ဖြင့် စနစ်တကျကြိုးပမ်းကြပါ။
- ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး အမျိုးသားရေးတာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ပေါင်းစည်းဆက်သွယ်

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာ၌ ယနေ့သည် မိမိတို့နေပြည်တော် အတွက်သာမက နိုင်ငံတော်အတွက်ပါ မင်္ဂလာရှိပြီး ဂုဏ်ယူစရာတစ်ခုအဖြစ် အသစ်ထပ်မံပေါ်ပေါက်လာသည့် ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး၏ အပိုင်း(၁)ဖြစ်သော နေပြည်တော်-ရန်ကုန်လမ်းပိုင်း ဖွင့်ပွဲနေ့ဖြစ်ကြောင်း၊ ဤအမြန်လမ်းမကြီးသည် မိမိတို့နေပြည်တော်ကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် နေပြည်တော်မှ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ အပြန်အလှန် အချိန်တိုအတွင်း ပေါင်းစည်းဆက်သွယ်နိုင်သည့်အတွက် နိုင်ငံတော်တွင် တန်ဖိုးမဖြတ်နိုင်သော လမ်းမကြီးတစ်ခုကို ရရှိလိုက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ နေပြည်တော်သည် ပထဝီမြေအနေအထားအရ နိုင်ငံတော်၏ (Heart Land) နယ်မြေဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဗဟိုချက်မ (Heart Land) ဖြစ်သည့်အပြင် နိုင်ငံတော်အကြီးအကဲအမှူးပြုသော အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရရုံးစိုက်ရာ အုပ်ချုပ်ရေးမြို့တော်လည်းဖြစ်ကြောင်း။

ဤနေရာဒေသသည် အလယ်ရိုးမ (ပဲခူးရိုးမ)နှင့် အရှေ့ရိုးမ(ရှမ်းရိုးမ) နှစ်ခုအကြားတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ရန်ကုန်-မန္တလေး ကားလမ်း၊ ရန်ကုန်-မန္တလေး မီးရထားလမ်း၊ ပျဉ်းမနား-တောင်တွင်းကြီး- ကျောက်ပန်းတောင်း မီးရထားလမ်းနှင့် ပျဉ်းမနား-ပင်လောင်း ကားလမ်းတို့မျှသာရှိခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)၏ စေတနာအမှန်ကြောင့် နေပြည်တော်ကို ဗဟိုချက်ပြုပြီး မီးရထားလမ်းများ၊ မော်တော်ကားလမ်းများ အသီးသီး ပေါ်ပေါက်လာခဲ့ရာမှ ယနေ့ဆိုလျှင် နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီး တစ်ခုလည်း ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ပြည်သူလူထုများအတွက်ရော၊ ဒေသခံပြည်သူလူထုများအတွက်ပါ ဝမ်းသာဂုဏ်ယူစရာဖြစ်သည့်အပြင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကူးလူးဆက်သွယ်ရေးတို့ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်မှုများအတွက်ပါ များစွာသော အကျိုးကျေးဇူးများကို ခံစားကြရတော့မည်ဖြစ်ကြောင်း။

ထို့အပြင် အချိန်တိုတိုဖြင့် နေပြည်တော်နှင့် တိုင်းနှင့်ပြည်နယ်အသီးသီးသို့ အပြန်အလှန်ကဏ္ဍပေါင်းစုံမှ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်

စာမျက်နှာ ၅ ကော်လံ ၁

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပေ ၁၈၀ အထက်တံတား အသွား၊ အပြန် ၇၂ စင်း၊ ပေ ၁၈၀ အောက်နှင့် ပေ ၅၀ အထက်တံတားပေါင်း အသွား၊ အပြန် အစင်း ၂၀၀၊ ပေ ၅၀ အောက်တံတား အသွား၊ အပြန် ၁၆၂ စင်းတို့ကို ထည့်သွင်း တည်ဆောက်ထားရှိပြီး ယနေ့ ဖွင့်လှစ်သည့် ရန်ကုန်-နေပြည်တော် လမ်းပိုင်းသည် ခရီးသွားချိန် လေးနာရီခန့်ဖြင့် အရောက်သွားလာနိုင်တော့မည်ဖြစ်။

တိုင်းရင်းသားများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်နှင့်တိုင်းအသီးသီး၌ လမ်း၊ တံတား၊ ရထားလမ်းများ ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ခဲ့

စာမျက်နှာ ၄ မှ

ခိုင်မာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း ကြီးမားသော အကျိုးတရား ရရှိမည်ဖြစ်ကြောင်း။

အထောက်အကူပြု

ယခု ဤအမြန်လမ်းမကြီး ဖွင့်လှစ်အသုံးပြုလာနိုင်သဖြင့် ခရီးသွားလာမှုတွင် အချိန်ကုန်သက်သာပြီး ယင်းလမ်းမကြီးကြောင့် ဒေသ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် အခြေအနေများသည်လည်း ယခုထက်ပိုမို၍ မြင်သာထင်သာစွာ တိုးတက်လာတော့မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုကောင်းမွန်အောင် အထောက်အကူပြုမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ စေတနာ၊ နိုင်ငံ၀န်ထမ်းများ၏ ကြိုးစားအားထုတ်လုပ်ဆောင်မှုနှင့် ပြည်သူလူထု၏ ပူးပေါင်းပါ၀င်မှုတို့ကြောင့် ပေါ်ထွက်လာသည့် ရလဒ်ကောင်းတစ်ခုဖြစ်သော တန်ဖိုးမဖြတ်နိုင်သည့် ဤအမြန်လမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲ အသုံးပြုသွားနိုင်အောင် မိမိတို့ တိုင်းစစ်ဌာနချုပ်အနေဖြင့်လည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းလက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

စတင်ဆောင်ရွက်

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စီမံကိန်းကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၄ခုနှစ် မတ်လ ၃၀ရက်တွင် ကျင်းပခဲ့သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၄) အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၀၅ခုနှစ် ဧပြီလမှ စတင်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်အမှတ်(၃)လမ်းဆုံကနေ နေပြည်တော်စီလမ်းဆုံအထိ ၂၀၂မိုင် ၁ဖာလုံ အရှည်ဖြစ်ကြောင်း၊ အကျယ်မှာ ၂၅ပေအကျယ်၊ အသွားနှစ်လမ်း၊ အပြန်နှစ်လမ်း စုစုပေါင်း လေးလမ်းသွားဖြစ်ပြီး နှစ်လမ်းပေါင်း အကျယ်မှာ ပေ ၅၀ ကွန်ကရစ်လမ်းမကြီး ဖြစ်ကြောင်း။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ဖွင့်လှစ်သည့် အမြန်လမ်းမကြီး၏ ၁၁၂ မိုင် ၆ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပိုင်းနှစ်ပိုင်းခွဲကာ တာဝန်ယူဆောင်ရွက်ပြီး ၈၃ မိုင် ၃ဖာလုံကို ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းတာဝန်ခံအပါအဝင် စုစုပေါင်းအင်အား ၄၈၈၈ ဦးဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်အပိုင်း) ဖွင့်ပွဲအခမ်းအနားအပြီး ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။
(သတင်းစဉ်)

ဤအမြန်လမ်းမကြီး၏ လမ်းအထူမှာ ပထမလွှာ ၆လက်မနှင့် အပေါ်လွှာ ၁၂ လက်မ စုစုပေါင်း ကွန်ကရစ် ၁၈ လက်မ အထူဖြစ်ကြောင်း၊ တံတားအပိုင်းတွင် တံတားရှည်ပြီး ခန်းဖွင့်ကျယ်သော တံတားများအတွက် သံမဏိသံပေါင်ရက်မများ အသုံးပြုထားကာ တံတားတိုပြီး ခန်းဖွင့်ကျဉ်းတံတားများအတွက် သံကူကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားသော တံတားမျိုးစုံ စုစုပေါင်း ၁၇၂ စင်း ဖြစ်ပါကြောင်း။

ဖြတ်ထုတ်ဖယ်ရှား

ယင်းအမြန်လမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် နည်းပညာပိုင်းအနေဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် နွံ့နှံ့များရှိသည့်နေရာတွင် နွံ့များကို ဖြတ်ထုတ်ဖယ်ရှားပြီး သတ်မှတ်အင်အားရှိ မြေသားများနှင့် အလွှာလိုက် Q-C စစ်ဆေးပြီး စနစ်တကျကြိတ်ဖို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများတွင် စက်အား၊ လူအားဖြင့် ခင်းသည့်အပြင် လိုအပ်သော နေရာများတွင် ဓာတုဓာတ်ဆေးရည်ထည့်ပြီး ကွန်ကရစ်ဖြင့် ခံနိုင်ရည်အားကိုမြင့်အောင် ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် လမ်းအပိုင်းတွင် လမ်းအသုံးပြုခကောက်ခံရေးစခန်း Toll Gate သုံးခုကိုလည်း အဆင့်မြင့် နည်းပညာသုံးပြီး ကွန်ပျူတာများဖြင့် ရန်ကုန် အမှတ်(၃) လမ်းဆုံတွင်တစ်ခု၊ ဖြူးမြို့အနီးတွင်တစ်ခု၊ နေပြည်တော်စီလမ်းဆုံတွင်တစ်ခု အသီးသီး ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းကွန်ရက်တွင်လည်း နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်နှင့်အညီ အရှေ့အနောက် ပြည်ထောင်စုလမ်းမကြီး ၃၅ လမ်း၊ တောင်မြောက်ပြည်ထောင်စုလမ်းမကြီး ၄၅လမ်း၊ ပြည်နယ်နှင့်တိုင်း ဆက်သွယ်ထားသောလမ်းများ၊ မြို့နယ်ချင်း ဆက်သွယ်သောလမ်းများ၊ မဟာဗျူဟာလမ်းများဟူ၍ အပိုင်းလိုက်ခွဲ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် နေပြည်တော် လယ်ဝေးမြို့နယ်မှ ဦးဌေးဝင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်တည်ဆောက်ပေးသည့် အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) ဖွင့်ပွဲကျင်းပမည့် မင်္ဂလာမုခ်ဦးသို့ သွားရောက် နေရာယူကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်အပိုင်း) ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖွင့်ပွဲအခမ်းအနားကို မင်္ဂလာမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာနှင့် အင်ဂျင်နီယာမှူးများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းမောင်းနှင်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကားပြောကြား

အလားတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်အပိုင်း)ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံအနီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားပြီး နေပြည်တော်-ရန်ကုန်အပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

26-3 (05).pmd 1 3/26/2009, 2:56 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်အပိုင်း) ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များပေါ်ရှိ ခရီးသွားပြည်သူများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး၏(နေပြည်တော်–ရန်ကုန်အပိုင်း) တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်မှ ဦးခင်ဝေက အမြန်လမ်းမကြီး တည်ဆောက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အမြန်လမ်းမကြီးဖွင့်ပွဲ အခမ်းအနားကို မှခ်ဦးရှေ့၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က အမြန်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် အမြန်လမ်းမကြီးကို ဖောက်လုပ်ခဲ့ကြသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်အတူ မှခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမြန်လမ်းမကြီးကို ကြည့်ရှုစစ်ဆေးပြီး လမ်းအသုံးပြုခ ကောက်ခံရေးစနစ်နှင့် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်၏ မဟာဗျူဟာလမ်းမကြီးဖြစ်သည့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ် ဧပြီလက စတင်၍ ရန်ကုန် အမှတ်(၃) လမ်းမကြီးမှ မန္တလေးစကားအင်းအဝိုင်း အထိ အရှည်မိုင် ၃၂၅ မိုင် ၆ ဖာလုံကို ဖောက်လုပ်အကောင်အထည် ဖော်လျက်ရှိရာတွင် ယခုအခါ ရန်ကုန် အမှတ်(၃) လမ်းမကြီးမှ နေပြည်တော်အထိ ၂၀၂ မိုင် ၁ ဖာလုံကို Two Way, Two Lane ပြီးစီးပြီဖြစ်သဖြင့် ပြည်သူများ အသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်။

ဖွင့်လှစ်ပေး

ထို့အတူ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်–ရန်ကုန်အပိုင်း) ဖွင့်ပွဲအခမ်းအနားကို နံနက် ၇နာရီခွဲတွင် ဖြူးမြို့အနီး မိုင်တိုင်အမှတ် ၁၁၅/၂ ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်၍ အမှာစကားပြောကြားပြီး အမြန်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက အမြန်လမ်းမကြီး ဖောက်လုပ်ခဲ့မှုနှင့် တံတားများ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်

ဆက်လက်၍ ဒေသခံပြည်သူ ဖြူးမြို့နယ်မှ ဦးသက်နိုင်ဦးက ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးတို့က နေပြည်တော်–ရန်ကုန်အပိုင်း အသွားလမ်းနှင့် အပြန်လမ်းတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲမှခ်ဦးရှေ့၌ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် အဝေးပြေးခရီးသည်တင်ယာဉ်များ ဖြတ်သန်းပြေးဆွဲနေမှုကို ကြည့်ရှုအားပေးကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်–ရန်ကုန်အပိုင်း)တွင် Two Way/ Two Lane ဖြင့် ယနေ့မှစတင်၍ အသုံးပြုသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်–ရန်ကုန်အပိုင်း) တစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

26-3 (06).pmd 1 3/26/2009, 2:56 AM

ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်၏ ယနေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး မိမိတို့၏ တပည့်များကို အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သူများဖြစ်အောင် နိုင်ငံအကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေး

နေပြည်တော် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ညနေ ၃နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြရာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစာတမ်းများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ အာဆီယံနိုင်ငံများ ကမ်းရိုးတန်းထိန်းသိမ်းရေး အစီအစဉ်တွင် မော်လမြိုင်တက္ကသိုလ်မှ အဏ္ဏဝါသိပ္ပံဌာနက ပါဝင်ဆောင်ရွက်ခြင်းမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ အဏ္ဏဝါသိပ္ပံ သုတေသနရေယာဉ်ဆိုင်ရာ လက်တွေ့သင်ကြားရေးနှင့် သုတေသနပြုလုပ်ငန်း မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ မော်လမြိုင်တက္ကသိုလ်၏ သုတေသနပြုမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မော်လမြိုင်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများအားတွေ့ဆုံရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်တို့က တက္ကသိုလ်၏သင်ကြားစီမံကိန်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၁)က လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် မိမိတို့နိုင်ငံသည် သင့်တင့်သောလူဦးရေ၊ သင့်တင့်သည့် သယံဇာတနှင့် သင့်တင့်သော အရင်းအနှီးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်သော အခြေခံအလားအလာများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် လူ့စွမ်းအား အရင်းအမြစ်များလိုအပ်ချက်ရှိနေသေးကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားလိုအပ်ချက်ကို ပညာရေးကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မှာကြား

ဆရာ၊ ဆရာမများအနေဖြင့်လည်း နိုင်ငံတော်၏ ယနေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် မိမိတို့တပည့်များအား အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သူများဖြစ်အောင်၊ နိုင်ငံတော်၏ လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျတတ်မြောက်ကျွမ်းကျင်သူများဖြစ်အောင်၊ နိုင်ငံအကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်အောင် ကြိုးပမ်းလေ့ကျင့် သင်ကြားပေးရေးတို့ကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက မော်လမြိုင်တက္ကသိုလ်တွင် အသုံးပြုရန် ရုပ်မြင်သံကြားစက် နှစ်လုံးကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်က လက်ခံသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)

ထိုမှတစ်ဆင့် ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နေခြည်လွဲလွဲသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နေခြည်လွဲလွဲသိန်းက ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)၏ သင်ကြားရေးဆိုင်ရာ အချက်အလက်များနှင့်ပင်မသုံးထပ်ဆောင်သစ် တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထူထောင်ပေးထား

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးရှိ လူငယ်လူရွယ်များ၏ ပညာသင်ကြားရေးအခွင့်အလမ်းများ လွယ်လင့်တကူရရှိစေရန် ရည်ရွယ်လျက် ဒေသကြီး ၂၄ခုသတ်မှတ်ပြီး အဆိုပါ ဒေသကြီးတစ်ခုစီတွင် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီ ထူထောင်ပေးထားကြောင်း၊ ဤကွန်ပျူတာတက္ကသိုလ်တစ်ခုတည်းမှပင် ဘွဲ့ရရှိသူ ၁၈၀၀ကျော်မွေးထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသဖြင့် မိမိတို့ တက္ကသိုလ်များ ဖွင့်လှစ်သည့် အကျိုးရလဒ်များရရှိနေပြီဟု ဆိုနိုင်ပါကြောင်း။

ယနေ့ ကမ္ဘာတွင် Information Technology(IT)ပညာရပ်များ အချိန်နှင့်အမျှ ထွန်းကားတိုးတက်လျက်ရှိပြီး IT ပညာဖြင့် အကျွမ်းဝင်သည့် နိုင်ငံများလည်း ကြီးပွားတိုးတက်မှုရှိနေသည်ကို တွေ့ရှိရကြောင်း။

မိမိတို့ နိုင်ငံအတွက် လိုအပ်နေသေးသည့် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင်၊ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ဝင်ဆံ့သည့် တတ်ကျွမ်းသူ ပညာရှင်များဖြစ်အောင်၊ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်ချက်၊ ခံယူချက် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ အကျိုးပြုသူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရေး မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)သို့ ရုပ်မြင်သံကြားစက် နှစ်လုံးကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နေခြည်လွဲလွဲသိန်းက လက်ခံသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၉ရက် (ကြာသပတေးနေ့)

AM&PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဒုလ္လဘနှင့် ကြုံရပြန်သော်** တရားတော်(ပထမပိုင်း) ဘဒ္ဒန္တသောဘဏ (အဘယာရာမဆရာတော်)
၇:၄၅-၁:၄၅	တေးဂီတအစီအစဉ်
၇:၅၀-၁:၅၀	ခေတ်မီ ဓာတုနည်းပညာဖြင့် သန့်စင်ထားရွှေစင် ရွှေပြားများ
၈:၁၀-၂:၁၀	အနုပညာမိုးကောင်းကင်
၈:၃၅-၂:၃၅	Activities in the City (မြန်မာစားဖိုမှူးများအသင်းမှ ဆေးဝါးလှူဒါန်းပွဲ)
၈:၄၅-၂:၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၀၅-၃:၀၅	သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တစ်ကျော့ပြန်တီဘီ (အပိုင်း-၃)ဒေါက်တာဇေစိုး
၉:၄၅-၃:၄၅	နိုင်ငံတကာ သတင်းအကျဉ်း
၉:၅၀-၃:၅၀	ခေတ်မီပျားမွေးမြူရေး လုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း)
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	Cartoon Show Time (Flushed Away)
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	တီကောင်စွန့်ပစ်ဩဂဲနစ်
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၄	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၀-၅:၄၀	**ရေမြင့်---ကြာတင့်** ခန့်စည်သူ၊ ဇရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၀၀-၆:၀၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (သီချင်းချစ်သူ အစီအစဉ် မိတ်ဆက်ပွဲ)
၁၂:၂၀-၆:၂၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့် ကိတ်လိတ် ပြုလုပ်နည်း)
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယဉ်သူဆွေနှင့် တွေ့ဆုံခြင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဥပဒေအရာရှိ အဆင့်(၄) (အစမ်းခန့်)များ လုပ်ငန်းခွင်သင်တန်းဖွင့်

နေပြည်တော် မတ် ၂၅

ရှေ့နေချုပ် ဦးအေးမောင်သည် မတ် ၁၉ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပသော ဥပဒေအရာရှိ အဆင့်(၄) (အစမ်းခန့်)များ၏ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ဆရာမများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်) သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၉၆ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပပုံနှင့် စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းများ ချီတက်စစ်ရေးပြကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်တို့မှ မတ် ၂၇ရက် နံနက် ၆ နာရီမှ စတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ အလက(၆) (ယခင်တရုတ်ကျောင်း) ကျောက်ငူရပ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

ပုသိမ်မြို့ ကျောက်ငူရပ် အလက(၆)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂၉ရက်တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှကျောင်းသားကျောင်းသူဟောင်းများသည် ဦးမောင်မောင်နိုင်(လမင်းစတိုး၊ပုသိမ်) ဖုန်း-၀၉-၅၂-၀၁၄၂၈၊ ဦးကိုကိုလေး (ဆင်မင်း-၂၊သဘော်ဆေးဆိုင်၊ပုသိမ်) ဖုန်း-၀၉- ၅၂-၀၃၁၀၇၊ ဦးသိန်းအောင် (ဝါးပွဲရုံ၊ ပုသိမ်) ဖုန်း-၀၉-၅၀-၂၆၄၇၇၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၂-၀၁၆၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းအဖွဲ့ချုပ်ဟောပြောပွဲ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု Toyo Battery ၏ ပံ့ပိုးကူညီမှုဖြင့် မတ် ၂၈ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာမောင်စူးစမ်းက ထူးဆန်းသော အတွေးအခေါ်များ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီ စင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး၊ ကျန်ဒေသများတွင် မတ်လ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ အောင်လံမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၀ဒသမ၁၆လက်မနှင့် လွိုင်ကော်မြို့တွင် ၀ဒသမ ၀၈လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၆ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ် သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် မတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၉-၃-၂၀၀၉ ရက်နေ့
၂၀၀၉ ခုနှစ် ဧပြီလအတွက်
၁၂-၄-၂၀၀၉ ရက်နေ့ နှင့် ၂၆-၄-၂၀၀၉ ရက်နေ့

ကျေးလက်လမ်း ကျောက်ချောခင်း

တမူး မတ် ၂၅

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အင်တိုင်း-အလှော် ကျေးလက်ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှုကို လက်ထောက်အင်ဂျင်နီယာ ဦးထွန်းကျော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု



ပြည်ထောင်စုတစ်ဝန်းသို့ ဆက်သွယ်နိုင်သည့် ကယားပြည်နယ်လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

မုံရွာခရိုင် အလုံမြို့တွင် ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော ဆက်သွယ်ရေးစာတိုက်စခန်းကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့် တိုင်းများသို့ ဆက်သွယ်ပြောဆိုမှု လွယ်ကူစေရေးအတွက် ကျိုက္ခမီမြို့တွင် တည်ဆောက်ထားသည့် အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	**စာတိုက်စခန်း**	၁၁၁၄	၁၃၆၅	၂၅၁
၂	**ကြေးနန်းရုံး**	၃၁၀	၅၀၇	၁၉၇
၃	**တယ်လီဖုန်းလုပ်ငန်း**			
	- တယ်လီဖုန်းရုံး	၂၄၅	၉၀၂	၆၅၇
	- လိုင်းအင်အား	၇၁၈၅၅	၁၁၅၅၇၄၉	၁၀၈၃၈၉၄
	- အော်တို/လက်လှည့်အိတ်ချိန်း	၂၄၅	၆၆၉	၄၂၄
	- ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	-	၂၃၃	၂၃၃
	- တိုက်ရိုက်လိုင်း	၆၇၀၁၆	၇၉၆၀၈၁	၇၂၉၀၆၅
	- အော်တို/လက်သုံးတယ်လီဖုန်း	၆၇၀၁၆	၁၅၃၃၄၄	၈၆၃၂၈
	- ARTS ရေဒီယိုတယ်လီဖုန်း	-	၄၂၀၀	၄၂၀၀
	- DECT ရေဒီယိုတယ်လီဖုန်း	-	၂၅၆၆	၂၅၆၆
	- CDMA တယ်လီဖုန်း(Fixed)	-	၁၈၂၇၁	၁၈၂၇၁
၄	**မိုဘိုင်းလ်တယ်လီဖုန်း**			
	- CDMA တယ်လီဖုန်း(Mobile)	-	၂၀၅၅၀၀	၂၀၅၅၀၀
	- D-AMPS တယ်လီဖုန်း	-	၃၆၄၀၀	၃၆၄၀၀
	- GSM ဆယ်လူလာတယ်လီဖုန်း	-	၃၇၅၈၀၀	၃၇၅၈၀၀
၅	**မိုက္ကရိုဝေ့ဗ်စခန်း**	၇၁	၂၄၅	၁၇၄
၆	**အင်တာနက်**	-	၈၂၄၄	၈၂၄၄
၇	**ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချယ်နယ်**	၂၆	၆၃၂	၆၀၆
၈	**ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း**			
	- VSAT	-	၁၃	၁၃
	- MPT Satellite Terminal	-	၁၀၈၀	၁၀၈၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် တည်ဆောက်ထားသော ခေတ်မီရတနာပုံတယ်လီပို့တ် အဆောက်အအုံကို ဤသို့ ခံ့ညားစွာတွေ့ရသည်။

(မြန်မာ့အလင်း)

တပ်မတော်အစိုးရ လက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

တပ်မတော်အရည်အသွေးနှင့် တပ်မတော်တာဝန်

ရတနာစည်ဆရာတော် (လှိုင်လင်)

"ဒို့နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသား ညီအစ်ကိုတစ်တွေဟာ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြတယ်။ ဒါပေမယ့်နယ်ချဲ့တွေရဲ့သပ်လျှိုသွေးခွဲမှုကြောင့်တိုင်းရင်းသား အချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်လာခဲ့ကြလို့ ဒို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ နောက်ကျခဲ့ရတယ်။

"ဒီကနေ့မှာတော့ ဘယ်ခေတ်၊ ဘယ်အခါနဲ့မှမတူအောင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်ခဲ့လို့ နိုင်ငံနဲ့အဝန်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတာ ရဲဘော်တို့ အသိပဲဖြစ်တယ်"

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁)
သင်တန်းဆင်းပွဲမိန့်ခွန်းမှ-

တပ်မတော်အရည်အသွေး

တပ်မတော်သည် သန္ဓေဇာကောင်းခြင်း၊ ဖွားသန့်ပုံကောင်းခြင်း၊ ကာကွယ်ရေးစွမ်းရည်ထက်မြက်ခြင်း၊ နိုင်ငံရေးရှုပ်ထွေး၍ တိုင်းပြည်ဒုက္ခရောက်တိုင်း အနစ်နာခံ ကယ်မနိုင်စွမ်းရှိခြင်းနှင့် နိုင်ငံကိုဦးဆောင်နိုင်စွမ်းရှိခြင်းစသည့် အရည်အသွေးများ ပြည့်ဝလျှံနေကြောင်း သမိုင်းလေ့လာသူ သုတေသီတိုင်း ကောင်းစွာ တွေ့မြင်သိရှိနေကြပါသည်။

သန္ဓေဇာကောင်းခြင်း

တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ဖြင့် ကလလရည်ကြည်တည်ခဲ့၏။ နယ်ချဲ့ကျွန်ဘဝမှ လွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်သည့် သန္ဓေဇာသည် တပ်မတော်၏မျိုးချစ်သန္ဓေဇာဖြစ်တော့သည်။ ၂၆-၁၂-၁၉၄၁ရက်နေ့တွင် ဘီအိုင်အေအဖြစ် မျိုးချစ်သန္ဓေတည်ခဲ့ပါသည်။

ဖွားသန့်ပုံကောင်းခြင်း

တပ်မတော်သည် ၂၇-၃-၁၉၄၅ရက်နေ့တွင် ကမ္ဘာသိ ဖွားသန့်ခဲ့၏။ အကြောင်းမှာ ယင်းနေ့ရက်တွင် တပ်မတော်သည် နယ်ချဲ့နှင့် ဖက်ဆစ်တို့၏လက်အောက်မှလွတ်မြောက်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် ကိုယ်ပိုင်တပ်မတော်အဖြစ် ထွန်းသစ်လာသောကြောင့်ဖြစ်၏။ ထိုနေ့ရက်တွင် တပ်မတော်ကဦးဆောင်၍ ပြည်သူအားလုံး ဖက်ဆစ်ကို စတင်တော်လှန်ခဲ့သည်။

ထို့ကြောင့် တပ်မတော်ဖွားသန့်ရက်သည် ၂၇-၃-၁၉၄၅ရက်နေ့ဖြစ်၍ ယခုနှစ်(၂၀၀၉ခုနှစ်)တွင် တပ်မတော် အသက်(၆၄)နှစ် တင်းတင်းပြည့်လေပြီ။

တပ်မတော်(၃)နှစ်သားအရောက် စစ်ရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်စသော စွမ်းရည်တို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၄-၁-၁၉၄၈ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ် တင့်တယ်ထွန်းပခဲ့ပါသည်။

ကာကွယ်ရေးစွမ်းရည်ထက်မြက်ခြင်း

လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံကို သမ္မတစဝ်ရွှေသိုက်၊ ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ဖဆပလပါတီအစိုးရက အုပ်ချုပ်ချိန်ဝယ် တပ်မတော်သည် စစ်တန်းလျားပြန်ကာ နားနားနေနေ နေရပြီဟု သက်မမှုမချရသေး။ ၂၁-၃-၁၉၄၈ရက်နေ့တွင် ကွန်မြူနစ်များ တောခိုသည်မှ စ၍ အထွေထွေပြည်တွင်းရောင်စုံ သောင်းကျန်းမှုအန္တရာယ်များနှင့် ပြည်ပ တရုတ်ဖြူကျူးကျော်မှု အန္တရာယ်များကြောင့် တပ်မတော်သည် အသက် သွေးချွေးမြောက်မြားစွာ စွန့်လွှတ်စွန့်စားလျက် မြန်မာနိုင်ငံတော်ကြီး အန္တရာယ်ကင်းအောင် ရန်စွယ်တွေ ရှင်းလင်းပေးခဲ့ရပါသည်။

တိုင်းပြည်ကို ကယ်မနိုင်စွမ်းရှိခြင်း

၁၉၅၈ခုနှစ်တွင် အာဏာရ ဖဆပလပါတီအစိုးရအတွင်း နု-တင်အုပ်စုနှင့် ဆွေ-ငြိမ်းအုပ်စုဟုအုပ်စုကြီးနှစ်ခုကွဲပြီး ဆက်လက်၍ဦး-ဗိုလ်-သခင်ဟု အုပ်စုသုံးစု ထပ်မံကွဲခဲ့ပြန်ရာ ၂၉-၉-၁၉၅၈ရက်နေ့တွင် တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ် တိုင်းပြည်ကိုအုပ်ချုပ်ပေးရန် တာဝန်လွှဲအပ်ခြင်းခံခဲ့ရသည်။ ၁၉၆၀ပြည့်နှစ်တွင် တပ်မတော်က နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရ ဖဆပလ(သန့်ရှင်း) ပါတီအား အာဏာပြန်လည်အပ်နှင်းခဲ့ပါသည်။

ယင်းပါတီက ပထစအစိုးရအဖြစ် တိုင်းပြည်ကို အုပ်ချုပ်ဆဲမှာပင် ပြည်ထောင်စုကြီးအတွင်းမှ ပြည်နယ်အချို့ ခွဲထွက်တော့မည့် အန္တရာယ်ကြီး၊ ပြည်ထောင်စုပြိုကွဲတော့မည့် အန္တရာယ်ကြီးကြုံလာလေတော့ရာ တပ်မတော်သည် လက်ပိုက်ကြည့်နေရန် မတတ်သာတော့သည့်အတွက် ၂-၃-၁၉၆၂ ရက်နေ့တွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရအား နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှင်းခဲ့ပါသည်။

နိုင်ငံကို ဦးဆောင်နိုင်စွမ်းရှိခြင်း

ပါတီစုံဒီမိုကရေစီစနစ်ကို လွတ်လပ်ရေးရချိန်မှစ၍ ကျင့်သုံးလာခဲ့သော မြန်မာနိုင်ငံသည် ကာလဒေသအခြေအနေများအရ ၁၉၇၄ခုနှစ်မှစ၍ ဆိုရှယ်လစ်စနစ်ဖြင့် ပြောင်းလဲကျင့်သုံး အုပ်ချုပ်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင်ကား စီးပွားရေးချွတ်ခြုံကျမှုနှင့်တကွ အထွေထွေအကျပ်အတည်းများကြောင့် နိုင်ငံအဝန်း ဆန္ဒပြ၊ ဆူပူ၊ သောင်းကျန်း၊ သတ်ဖြတ်ဟူသော ကာလဆိုးကြီးနှင့် ကြုံတွေ့ခဲ့ရပါသည်။

ထိုစဉ်က ဆန္ဒပြခေါင်းဆောင်များ၊ ပါတီအဖွဲ့အစည်းများနှင့်တကွ မည်သူမျှ တိုင်းပြည်ကို ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ ပြည်ပျက်ကိန်းကြုံလာခဲ့ပေရာ နိုင်ငံကို ဦးဆောင်တည့်မတ် ထိန်းသိမ်းနိုင်မည့် အဖွဲ့အစည်းဟူ၍ တပ်မတော်သာရှိတော့သောကြောင့် တပ်မတော်ကပင် ၁၈-၉-၁၉၈၈ ရက်နေ့တွင် နိုင်ငံ့တာဝန်ကို ရယူခဲ့ရပြန်ကာ နိုင်ငံတော်ကို ဦးဆောင်တည်ဆောက်ခဲ့ရပြန်ပါသည်။

ယနေ့တပ်မတော်အစိုးရလက်ထက်

ယနေ့တပ်မတော်အစိုးရ စတင်တာဝန်ယူရချိန်မှစ၍ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ဦးတည်ချက် (၁၂)ရပ် ချမှတ်လျက် နေ့မအား ညမနားကြိုးစားပမ်းစား ယောကျ်ားဘသားစွမ်းပကားအပြည့်သုံး၍ တစ်ပြည်လုံး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ခဲ့ရာ ယနေ့ကာလတွင်သော် ဘယ်ခေတ်ဘယ်အခါနှင့်မျှမတူ ပြည်သူများ အကျိုးအလို့ငှာ နိုင်ငံ၏လိုအပ်ချက်အခြေခံအဆောက်အအုံဟူသမျှ ပြည့်ဝပြည့်စုံအောင် ထူထောင်တည်ဆောက်ပေးနိုင်ခဲ့လေပြီ။

ဦးဆောင်တပ်မတော်

ဖော်ပြပါသမိုင်းမှန်လေ့လာမှုများအရ တပ်မတော်သည်လွတ်လပ်ရေးကို ရယူပေးနိုင်ခြင်း၊ ပြည်တွင်းပြည်ပအန္တရာယ်ဟူသမျှ ကာကွယ်ပေးနိုင်ခြင်း၊ ပါတီအစိုးရများအုပ်ချုပ်ချိန်၌ ဖြစ်ပွားလေ့ရှိသည့်အရှုပ်အထွေးများစွာထဲမှ နိုင်ငံပြိုကွဲမည့် အရှုပ်အထွေးအန္တရာယ်ဆိုးကြီးများ ကျရောက်လာတိုင်း တပ်မတော်ကသာ ကယ်မ,ပေးနေရခြင်းစသော ဖြစ်ပေါ်မှုများကို ထောက်ရှုလျှင် တပ်မတော်သည် နိုင်ငံရေးအတွေ့အကြုံ စေ့စေ့စုံစုံ ကုံလုံကြွယ်ဝစွာ အတွေ့အကြုံရှိပြီးဖြစ်သည့်အပြင် အခက်အခဲဟူသမျှအပေါ် ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ကျော်လွှားနိုင်စွမ်းနှင့် အနာဂတ်ကိုမြော်မြင်နိုင်စွမ်းတို့ကြောင့် ဤသို့ကောက်ချက်ချကြပါ၏။

"တပ်မတော်သည် အနာဂတ်နိုင်ငံတော် သမိုင်းတစ်လျှောက် ရှေ့တန်း၌ မားမားမတ်မတ် တည်ရှိနေလိမ့်မည်"

နိုင်ငံတော်ရှေ့ဆက်သွားမည့်လမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) သင်တန်းဆင်းပွဲတွင် မိန့်ခွန်းပြောကြားရာ၌-

"ဒို့တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့ အမျိုးသားရေး ယုံကြည်ချက်အဖြစ် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်လာဖို့ အခြေခံအုတ်မြစ်ကောင်းတွေကို စိတ်ရင်းစေတနာအမှန်နဲ့တည်ဆောက်ပေးလျက်ရှိတယ်။

"ဒီလိုဆောင်ရွက်ပေးခဲ့လို့လည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ထူထောင်နိုင်ဖို့ ချမှတ်ခဲ့တဲ့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ စတုတ္ထအဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလမှာ ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ပြီးဖြစ်တယ်။

"ဆက်လက်ပြီး ပဥ္စမအဆင့်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကိုလည်း ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးပြီး နိုင်ငံတော်အာဏာ လွှဲပြောင်းရေးကို ဆက်လက်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ကြောင်း ပြောကြားလိုတယ်"

ဤတွင် ဆဋ္ဌမအဆင့်နှင့် သတ္တမအဆင့်တို့ကို ဤသို့တွေ့မြင်ရပါ၏။

ဆဋ္ဌမအဆင့်-လွှတ်တော်ကိုယ်စားလှယ်များဖြင့် အစည်းအဝေးကျင်းပ။

သတ္တမအဆင့်-လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်။

တပ်မတော်တာဝန်

အနာဂတ်ကာလများတစ်လျှောက် တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကို တည့်မတ်ထိန်းကွပ်ရင်း တပ်မတော်တာဝန်သုံးရပ်ကို ဆက်လက်ထမ်းဆောင်သွားမည် ဖြစ်ပါသည်။

၁။ **ကာကွယ်ရေးတာဝန်**

နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုတွေအပြင် တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ အသက်အိုးအိမ်စည်းစိမ်တို့ကိုပါ ကာကွယ်စောင့်ရှောက်သွားမည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်အဖြစ် ထွန်းသစ်တည်ရှိသွားမည်။

၂။ **လေ့ကျင့်ရေးတာဝန်**

စစ်သည်တစ်ဦးအတွက် စိတ်ပိုင်းရောရုပ်ပိုင်းပါ ကြံ့ခိုင်နေပြီး အရေးကြုံလျှင် သက်လုံကောင်းအောင် အစဉ်အမြဲလေ့ကျင့်သွားမည်။ လေ့ကျင့်မှုကျွမ်းကျင်၊ ကျွမ်းကျင်မှုယုံကြည်၊ ယုံကြည်မှုရဲရင့်၊ ရဲရင့်မှု အောင်မြင် ဟူသော သဘောတရားမှန်အတိုင်း အမြဲအောင်မြင်နေဖို့ အမြဲလေ့ကျင့်နေမည်။ "မီးနာမှ သံကောင်း၊ သံကောင်းမှ ဓားထက်" ဟူသော ဆောင်ပုဒ်အတိုင်း လေ့ကျင့်သားပြည့်ဝနေမည်။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ် စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

၃။ **ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်**

နိုင်ငံအနှံ့ တာဝန်ကျရာဒေသအသီးသီးမှာ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်အဖြစ် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အရပ်ရပ်မှာ တစ်တပ်တစ်အားပါဝင်လုပ်ဆောင်သွားမည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ပေးရင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ်ခိုင်မာအောင် စည်းရုံးဆောင်ရွက်သွားမည်။နိုင်ငံတော်အတွင်း နေထိုင်လျက်ရှိသည့် မည်သည့်တိုင်းရင်းသားလူမျိုးမဆို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရမည် ဟူသော မျိုးချစ်စိတ်ဓာတ်များ ပြန့်ပွားခိုင်မာနေစေရန် ရေပက်မဝင်နိုင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားမည်။

ပြည်သူ့အကျိုးပြု လုပ်ငန်းကြီးတစ်ရပ်အဖြစ် သမိုင်းတင်နိုင်ခဲ့သော နာဂစ်မုန်တိုင်းကယ်ဆယ်ရေး ဆောင်ရွက်စဉ်က မှတ်တမ်းများအရ....

- မုန်တိုင်းကျရောက်ဆဲ၌ပင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အင်အား၊ယာဉ်၊ ရိက္ခာနှင့် ဆေးဝါးစသည်များ အရန်သင့် စုဖွဲ့ထားရှိ။

- မုန်တိုင်းစဲလျှင်စဲချင်း ရှေ့တန်းအကျဆုံးကျေးရွာများသို့အရောက် ကိုယ့်ရိက္ခာကိုယ်စား၊ ကိုယ့်လမ်းကိုယ်ဖောက် ချီတက်ကာ မုန်တိုင်းကြောင့် ဒုက္ခရောက်နေသူ ပြည်သူများကိုအကူအညီပေးခဲ့။

- ထို့ကြောင့်ပင် နိုင်ငံတကာအတွေ့အကြုံများနှင့် နှိုင်းစာလျှင် နာဂစ်မုန်တိုင်းဒဏ် ကြီးမားသလောက် ဒဏ်ရာဒဏ်ချက်ကုသရာမှာ လျင်မြန်သဖြင့် နောက်ဆက်တွဲဆိုးကျိုးပေါင်းများစွာကို ပြည်သူများ လျင်မြန်စွာ ကျော်လွှားနိုင်ခဲ့။

- တပ်မတော်(ကြည်း)စစ်သည်အင်အား လေးသောင်းကျော်၊ မော်တော်ယာဉ်(၇၆၉)စင်း၊ အခေါက်ရေ (၃၃၅၀)ဖြင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန်(၅၄၁၈၈) တန်ကျော် သယ်ပို့ပေးခဲ့။

- တပ်မတော်(ရေ)စစ်သည်အင်အား တစ်ထောင့်လေးရာကျော်၊ ရေယာဉ်မျိုးစုံ (၂၉)စင်း၊ အခေါက်ရေ (၉၂) ခေါက်ဖြင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် (၃၄၀၇)တန်ကျော် သယ်ပို့ပေးခဲ့။

- တပ်မတော်(လေ) စစ်သည်အင်အား ထောင့်ခုနစ်ရာကျော်၊ ရဟတ်ယာဉ်နှင့် လေယာဉ်ပေါင်း (၂၅)စင်း၊ အခေါက်ရေပေါင်း (၁၅၉၃)ခေါက်ဖြင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် (၅၈၈)တန်ကျော် သယ်ပို့ပေးခဲ့။

- တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များနှင့် မိသားစုဝင်များက လစာစရိတ်ထဲမှ ငွေကျပ် (၁၁၇၉) သန်းကျော် စုပေါင်းလှူဒါန်းခဲ့။

ဤသည်များမှာ မုန်တိုင်းဒဏ်ခံပြည်သူများအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို တပ်မတော်သည် စေတနာရှိရှိ လုံ့လရှိရှိဖြင့် ကျေပွန်အောင်ထမ်းဆောင်နိုင်ပုံ သမိုင်းမှတ်တမ်းမှန်များ ဖြစ်ပါသည်။

နောင်အနာဂတ်ကာလတစ်လျှောက်လုံးမှာလည်း တိုင်းပြည်၏ ပုံမှန် အနေအထား၌ဖြစ်စေ၊ အရေးပေါ် အခြေအနေ၌ဖြစ်စေ မည်သည့် အနေအထားမှာမဆို တပ်မတော်သည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို စိတ်ရင်းစေတနာမှန်ကန်စွာ ထာဝရထမ်းဆောင်သွားမည်သာဖြစ်ပါသည်။

ပြည်သူ့အကျိုးကို နှောင့်ယှက်သော၊ တိုင်းပြည်အကျိုးကို ထိခိုက်သော မည်သည့်အဖျက်လုပ်ရပ်မျိုးကိုမဆို ပြည်သူတို့နှင့်လက်တွဲကာ ရဲဝံ့စွာ ရင်ဆိုင်ကျော်လွှားသွားမည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲချေမှုန်းသွားမည်။

နိုင်ငံတော်သစ်အဖြစ် ထွန်းသစ်လာအောင် ဖော်ဆောင်ပေးထားပြီးဖြစ်သည့် အခြေခံအဆောက်အအုံများ ခိုင်မာစွာ ဆက်လက်ဖြစ်ထွန်းနေစေရန်နှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာစေရန် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်ဟူသော တြိဂံအင်အားကို ကြီးမားခိုင်မာနေအောင် ဖော်ဆောင်သွားမည်သာဖြစ်ပါတော့သည်။

သို့ဖြင့်...တပ်မတော်သည် တပ်မတော်အရည်အသွေး ဖွေးဖွေးလက် ထိန်ထိန်လင်းကာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် အနာဂတ်သစ်ကို ထုဆစ်ပုံဖော်လျက်ရှိပါသတည်း။ ။

ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်မရှိရလေအောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေ ဝန်ထမ်းများအပိုင်းက တာဝန်ကျရာဒေသတွင် သင့်လျော်မှန်ကန်သည့် ဦးဆောင်မှုပေး မှန်ကန်သည့်နည်းလမ်းကို ရွေးချယ်ပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးသည် အရေးကြီး

နေပြည်တော် မတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မတ် ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ်မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ လမ်း၊ တံတားများ ဆောက်လုပ်ပြုပြင်မှု၊ သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသရေရရှိရေး၊ ဆက်သွယ်ရေးလုပ်ငန်းများတိုးတက်မှု၊ ပညာရေးကဏ္ဍတိုးတက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က ကရင်ပြည်နယ်အတွင်း အေးချမ်းမှုရှိလာသည်နှင့်အမျှ သယံဇာတပစ္စည်းများ ထုတ်ယူရရှိမှုအခြေအနေနှင့် ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးခဲ့

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့သည် ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိလာကြသည့် ငြိမ်းချမ်းရေး အဖွဲ့ဝင်မိသားစုများနေထိုင်ရာ မြိုင်ကြီးငူဒေသ၊ ထို့ကော်ကိုးဒေသများသို့ သွားရောက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တွေ့ဆုံခြင်းဖြစ်ကြောင်း။

ကရင်ပြည်နယ်၏ ဒေသဆန် ဖူလုံမှုအခြေအနေမှာ ၁၄၃ဒသမ၄၈ ရာခိုင်နှုန်းနှင့် ဆီဖူလုံမှုအနေဖြင့် ၅၉ဒသမ၉၁ရာခိုင်နှုန်းရရှိနေသည့် အခြေအနေကို တာဝန်ရှိသူများ၏ တင်ပြချက်များအရ သိရှိရကြောင်း။

ထို့ပြင် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွက် အသားတင်ထုတ်လုပ်မှုတန်ဖိုး အနေဖြင့် လျာထားချက်အတိုင်း ရရှိနိုင်မည့်အခြေအနေ ရှိသော်လည်း လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေမှာမူ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ကျပ်ခြောက်သိန်းပြည့်မီရန် ကြိုးစားရဦးမည့်အခြေအနေကို သိရှိရသဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မီစေရန် မိမိတို့ ပြည်နယ်အတွင်း ဖြစ်နိုင်ခြေရှိနေသည့် အခြေခံများကို မြို့နယ်အလိုက်၊ အမျိုးအစားအလိုက် ခွဲခြမ်းစိတ်ဖြာပြီး ဖော်ထုတ်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်က ဒေသဝမ်းစာ ဖူလုံရေးရည်မှန်းချက်ပေးထားခြင်းမှာလည်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ လမ်းပန်းဆက်သွယ်ရေး ယာယီအားဖြင့် ပြတ်တောက်သွားတတ်သည့်အခါမျိုးတွင် ဝမ်းစာမဖူလုံသည့် ဒေသနေပြည်သူများအတွက် နေ့စဉ်စားရေးအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ကြရသည်ကို မိမိတို့အတွေ့အကြုံများ ရရှိခဲ့ဖူးပြီ ဖြစ်ကြောင်း၊ ဒါကို သဘောပေါက် နားလည်ပြီး ရည်မှန်းချက်ရရှိသည်အထိ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

ယနေ့ ဘယ်ဒေသက သီးနှံဖြစ်ဖြစ် ခေတ်မီစိုက်ပျိုးရေးနည်းပညာအကူအညီဖြင့် နေရာဒေသမရွေးစိုက်ပျိုးဖြစ်ထွန်းနိုင်အောင် ဆောင်ရွက်ကြပြီဖြစ်၍ ဖူလုံရေးဆိုသည်မှာ ဆန်စပါးသာမက စားသုံးသီးနှံမျိုးစုံအပါအဝင် ဖူလုံရေးဖြစ်တယ်ဆိုတာကို သိရှိဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယနေ့ကမ္ဘာတွင် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အဖြစ် ဆင်းရဲမွဲတေမှု လျှော့ပါးရေးအတွက် နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေချိန်လည်းဖြစ်တာကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့မိသားစုဝင်များနှင့်အတူ ဟန်ချက်ညီ လိုက်ပါဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နှစ်ရှည်သီးနှံမျိုးစုံ

ကရင်ပြည်နယ်အနေဖြင့် မြေလွတ်၊ မြေရိုင်းများစွာ ကျန်ရှိနေသေးသည့်ပြည်နယ်တစ်ခုဖြစ်၍ ယနေ့ကမ္ဘာတွင် ဝယ်လိုအားကောင်းပြီး ထိုက်တန်သည့်ဈေးနှုန်းရရှိနေသော ရော်ဘာစိုက်ပျိုးရေးနှင့် နှစ်ရှည်သီးနှံမျိုးစုံကို အထူးအားထားဆောင်ရွက်သွားနိုင်သည့် အခြေခံကောင်းများရှိနေသဖြင့် နိုင်ငံတော်က ရည်မှန်းချက်ပေးထားသည့် လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေ ပျမ်းမျှကျပ်ခြောက်သိန်းရရှိရေးမှာ ကရင်ပြည်နယ်အနေဖြင့် ပိုမိုကြိုးစားအားထုတ်လိုက်ပါက ဖြစ်နိုင်သည်ဟု အသိပေးပြောကြားလိုပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများ စီးပွားဖြစ်ကြီးပွားဖွံ့ဖြိုးလာစေရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုအဖြစ် အရင်းအနှီးလိုအပ်သည့် စိုက်ပျိုးသူနှင့် ထွက်ကုန်သီးနှံကို ဝယ်ယူရောင်းချသူတို့ နှစ်ဦးအကျိုးတူ စီးပွားဖက်များဖြစ်အောင် ဝန်ထမ်းများအပိုင်းက ပေါင်းစပ်ညှိနှိုင်းပေးသွားရန်လိုကြောင်း၊ စိုက်ပျိုးသူ တောင်သူတို့ရသင့်သည့် အကျိုးရရှိစေရန်လိုအပ်သကဲ့သို့ အရင်းအနှီးစိုက်ထုတ်သူအနေဖြင့်လည်း ဆုံးရှုံးမှုမရှိရလေအောင် ဝန်ထမ်းများက ဥပဒေစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ညှိနှိုင်းပေးသွားရန်လိုကြောင်း။

အောင်မြင်အောင်ဆောင်ရွက်

ယနေ့နိုင်ငံတော်က ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်မရှိရလေအောင် လိုအပ်သည့် စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဝန်ထမ်းများအပိုင်းက မိမိတာဝန်ကျရာဒေသ၏ အခြေအနေကိုလေ့လာပြီး သင့်လျော်မှန်ကန်သည့် ဦးဆောင်မှု၊ မှန်ကန်သည့် နည်းလမ်းကို ရွေးချယ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရန် အရေးကြီးကြောင်း၊ ထိုသို့ ဆောင်ရွက်ချက်အပေါ် ပြည်သူများကိုယ်တိုင်ကလည်း နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ပညာပေးစည်းရုံး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၉ ခုနှစ် မတ် ၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဒီပူမိုနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ အကပဒေသာ
- ၈း၀၀ ၅။ **တေးဂီတအစီအစဉ်**
- ၈း၁၅ ၆။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၇။ International News
- ၈း၄၅ ၈။ အတီးပြိုင်ပွဲ

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄း၃၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြု(ဂီတာအောင်ရှိန်၏ ဂီတာ လက်သံ)
- ၄း၄၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
- ၄း၅၀ ၆။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)**
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၈။ အဆိုပြိုင်ပွဲ
- ၅း၂၅ ၉။ တိုရစ္စာန်ဥယျာဉ်(နေပြည်တော်)
- ၅း၄၀ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၅း၅၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၆း၅၅ ၁၅။ **ထာဝရ** (ဇာတ်သိမ်းပိုင်း) မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေတိုး၊ နေမျိုးအောင်၊ မြင့်မြတ်၊ ထူးခန့်ကျော်၊ ဇော်ရဲထက်၊ ဇင်ဝိုင်း၊ အိန္ဒြာကျော်ဇင်၊ သဇင်၊ မိုးဟေကို၊ မေသက်ခိုင်၊ မေသဉ္ဇာဦး (ဒါရိုက်တာ-မီးပွား)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ပြည်သူ့အတွက် တပ်မတော်သားမောင်စစ်သည်မှ အမေ့ထံသို့ ပေးစာ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁၀)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျှခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၁၀)

၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ရရှိသူများ၏ စာရင်းများကို မတ် ၁၇ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ထပ်မံနှိုးဆော်

ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်၃၀ရက်(တနင်္လာနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို မတ် ၂၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉-၅၃၁ရှိ စာပေဗိမာန် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများအားလုံး မပျက်မကွက်တက်ရောက်ကြရန် ထပ်မံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်းဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မတ်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် တပ်မတော် ဂေါက်ကွင်း(အပေါ်ကွင်း)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပေါင်း

- နွေဦးပန်းချီ သစ်ပြီလော သစ်ပြီလော။
  ဟုတ်တည်း ရောင်းရင်း ရောင်းရင်း
  ဟုတ်တည်း ပေါင်းသင်း ပေါင်းသင်း
  တပေါင်းလေဦး ဟိုသည်မြူး ဟိုသည်မြူး။
- ဆောင်းကုန်နွေကူး၊ ရာသီဦး
  ပွင့်ဖူးဝေစီတယ် ဝေစီတယ်။
- တောင်နှင့် တောင်စောင်း၊ မြရည်လောင်း
  ရွက်ဟောင်းညှာကြွေတယ် ညှာကြွေတယ်။
- ဥသြငှက်ပျို၊ တွန်သံချို
  တေးဆိုချွဲနေတယ် ချွဲနေတယ်။
- ဖက်ဆစ်ဘီလူး၊ အာဏာရူး
  ကျူးကျော်နယ်ချဲ့တယ် နယ်ချဲ့တယ်။
- လယ်ယာတလင်း၊ ဖက်ဆစ်နင်း
  ငတ်ချင်းကြုံရတယ် ကြုံရတယ်။
- ကျွန်းသစ်ရေနံ၊ ရွှေငွေဆန်
  မကျန်သိမ်းယူတယ် သိမ်းယူတယ်။
- စေတီပုထိုး၊ ဂူကျောင်းမျိုး
  ချိုးဖောက်ခိုးယူတယ် ခိုးယူတယ်။
- မြန်မာပြည်သူ၊ လူပျိုဖြူ
  လုယူဖျက်ဆီးတယ် ဖျက်ဆီးတယ်။
- တစ်ပြည်သားရန် ငုံ့မခံ
  အားမာန်စုစည်းတယ် စုစည်းတယ်။
- မဟုတ်မမှန်၊ ကျွန်ဖြစ်ဒဏ်
  တော်လှန်တိုက်ခိုက်တယ် တိုက်ခိုက်တယ်။
- စပါးသွေးပေ၊ ပန်းသွေးဝေ
  မိုးမြေရဲနေတယ် ရဲနေတယ်။
- လှည်းနေလှေအောင်း၊ မြန်မာပေါင်း
  သိန်းသောင်းများလှတယ် များလှတယ်။
- အရေးကြီးလျှင်၊ ပေါင်းစည်းဝင်
  ချစ်ခင်ညီညွတ်တယ် ညီညွတ်တယ်။
- အနီရောင်ထဲ၊ ကြယ်ဖြူပဲ
  ရဲရဲတိုက်ကြတယ် တိုက်ကြတယ်။
- ကျူးကျော်စော်ကား၊ ဖက်ဆစ်များ
  ပြေးလွှားရှုံးပေးတယ် ရှုံးပေးတယ်။
- ဖက်ဆစ်အန္တရာယ်၊ ချုပ်ငြိမ်းကွယ်
  ဖယ်ရှင်းနိုင်လိုက်တယ် နိုင်လိုက်တယ်။
- ပြည်ထောင်စုမြေ၊ ဘိုးဘွားမွေ
  ဒို့တွေကာကွယ်တယ် ကာကွယ်တယ်။
- မြန်မာ့အလံ၊ လွင့်ကာပျံ
  တိမ်ယံထိုးဖောက်တယ် ထိုးဖောက်တယ်။
- နီရဲလော…
  ချီမြဲလော…
  ညီတွဲလော…။ ။

(၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဇော်ချစ်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကာကွယ်ရေးသည် ထိရောက်အကျိုးရှိ

ပြည်သူများ ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာရေး ဆောင်ရွက်ပေး

ဖြစ်ပွားတတ်သည့် ရောဂါများအလိုက် လူနာများအား ထိထိရောက်ရောက် ကုသနိုင်ရန် စီမံ

နေပြည်တော် မတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မတ် ၂၂ရက် နံနက်၇နာရီခွဲတွင် မော်လမြိုင်တပ်နယ်ရှိ အဏ္ဏဝါရိပ်သာ၌ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး ငြိမ်းချမ်းရေးမြို့သစ်မှ ဦးစောသမူဟဲအဖွဲ့ခေါင်းဆောင်သော ဟောင်သရော ငြိမ်းချမ်းရေးအဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဟောင်သရော ငြိမ်းချမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲက ကြာအင်းဆိပ်ကြီး ငြိမ်းချမ်းရေးမြို့သစ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁)က ဆေးပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဦးစောသမူဟဲက လက်ခံသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆရာဝန်၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်ဇော်က ဆေးရုံတည်ဆောက်ထားမှု အခြေအနေ၊ လူနာများဆေးရုံတက်ရောက်ကုသမှုအခြေအနေနှင့် ဆေးပဒေသာပင် စိုက်ထူနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စနစ်တကျဖြန့်ဝေ

ယင်းနောက် အတွင်းရေးမှူး(၁)က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကာကွယ်ရေးသည် ထိရောက်အကျိုးရှိသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးစသည့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရေး၊ ဤသို့ဆောင်ရွက်ကြရာတွင် ကျန်းမာရေးဝန်ထမ်းများသာမက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများမှတစ်ဆင့် ပြည်သူအတွင်းကျန်းမာရေးအသိ ရောက်ရှိသွားအောင်လည်း ဒေသတာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ကြီး ဌာနတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရေး၊ ဆေးဝါးပစ္စည်း ဖြန့်ဝေမှုစနစ်ကိုလည်း ဒေသအလိုက် ဖြစ်ပွားတတ်သည့်ရောဂါ အခြေအနေများအလိုက် အမှန်လိုအပ်ချက်ကို စနစ်တကျဖြန့်ဝေပြီး လူနာများအား ထိထိရောက်ရောက် ကုသပေးနိုင်အောင် စီမံဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက တစ်ခါသုံးဆေးထိုးအပ်နှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က လက်ခံသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)က မွန်ပြည်နယ်အတွင်းရှိ ဆေးရုံများအတွက် ဆေးပဒေသာပင် အလှူငွေကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေး ဦးစီးမှူး ဦးငွေအောင်က လက်ခံသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထွေထွေရောဂါကု ဆေးရုံကြီး၊ ကလေးကုသဆောင်သစ် တည်ဆောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ကလေးကုသဆောင်သစ်သည် သံကူကွန်ကရစ် အမျိုးအစား သုံးထပ်အဆောက်အအုံဖြစ်ပြီး အမြင့် မြေညီထပ် ၁၄ပေ၊ ပထမထပ်နှင့်ဒုတိယထပ်၁၂ ပေစီ၊ အဆောက်အအုံ ဧရိယာ မြေညီထပ် ၄၆၄၀ စတုရန်းပေ၊ ပထမထပ် ၄၈၁၆ စတုရန်းပေ၊ ဒုတိယထပ် ၄၂၈၈ စတုရန်းပေ စုစုပေါင်း ၁၃၇၄၄ စတုရန်းပေ ဖြစ်ကာ မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကမ်းနားလမ်း တစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ပြစည်ပင်ဖွံ့ဖြိုးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာပြီး ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပက အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး ငြိမ်းချမ်းရေးမြို့သစ်မှ ဦးစောသမူဟဲခေါင်းဆောင်သော ဟောင်သရော ငြိမ်းချမ်းရေး အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပူဇော်ကန်တော့

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ရင်ပြင်တော် တန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ စေတီတော် ဂေါပက အဖွဲ့ဝင်များက လက်ခံပြီး ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ပုံတူကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်စေတီတော်ဒွေ့သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် လုံးတော်မြတ်အားရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများပြုပြင်မွမ်းမံထားရှိမှု အခြေအနေကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သိန်းနီ၌နွေစပါး ကွင်းပိတ်စိုက်ပျိုးမှု လားရှိုးခရိုင်ဥက္ကဋ္ဌကြည့်ရှုစစ်ဆေး

လားရှိုး မတ် ၂၅

လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းသည် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မတ် ၂၀ရက်က လားရှိုးခရိုင် သိန်းနီမြို့ရှိ နွေစပါးကွင်းပိတ်စိုက်ပျိုးပြီးစီးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့်အတူ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

၂၀၀၉ခုနှစ်အတွင်း လားရှိုးခရိုင်၌ နွေစပါး၈၂၉၂ဧက လျာထားခဲ့ရာ မတ် ၂၀ရက်အထိ ၈၂၉၉ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကတင်း ၂၅၀ထွက်ရှိရေး စံပြဧက ၅၇၀ ကို စီမံချက်ချစိုက်ပျိုးထားသည်။

ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ အားပေးကူညီမှုဖြင့် ခရိုင်အတွင်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကိုလည်း သိန်းနီမြို့နယ်အတွင်းမှ တောင်သူ ၁၃ဦး၏ နွေစပါး ၂၅ ဧကတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(လားရှိုး/ကိုယ်ပွား)**

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ဧက ၉၀၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့

ရန်ကုန် မတ် ၂၅

မတ် ၇ ရက်မှ ၁၃ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်၊ ညောင်ရွှေ၊ လွိုင်လင်၊ နမ့်ဆန်၊ မိုင်းပန်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ၊ မက်မန်းမြို့နယ်၊ ကချင်ပြည်နယ် ဝိုင်းမော်၊ တနိုင်း၊ ပူတာအိုမြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၁၁၀၃ ဒသမ ၅ ဧက(၄၄၆ ဒသမ ၅၇ ဟက်တာ)ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ မတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်း၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဆီဆိုင်၊ မောက်မယ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်နှင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၂၇၉ ဒသမ ၄ ဧက (၁၁၃ ဒသမ ၀၇ ဟက်တာ)ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ်ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၉၂၇၅ ဒသမ ၇၆ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှော်ကားဥယျာဉ် အချိန်တိုးမြှင့် ဖွင့်ထားမည်

ရန်ကုန် မတ် ၂၅

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၂၇ရက်(တပ်မတော်နေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက်၈နာရီမှ ညနေ ၅ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် မတ် ၂၅

ဦးထွန်းလွင် (ရွှေသမင်ဆေးတိုက်)သည် ဥက္ကလာဂေါက်ကွင်း၌ ကစားဖော်များဖြစ်သည့် ဦးသိန်းရွှေ(လပြည့်ဝန်းကုမ္ပဏီ)၊ ဦးထွန်းလင်းအောင်၊ ဦးဉာဏ်ထွန်းအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ ၁၆၈ကိုက်အကွာမှ Bridge Stone No-5 ဘောလုံးကို (Taylor Made R.7) Iron No-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တပ်မတော်နေ့

* တိုင်းရင်းသားများ၊ ပြည်သူ့ကြားမှ
ပေါက်ဖွားထွက်ပေါ်၊ တပ်မတော်တည့်။

* နယ်ချဲ့ဘီလူး၊ ဖက်ဆစ်ရူးနှင့်
ကျူးကျော်သွေးစုပ်၊ အမျိုးယုတ်ကို
တိုက်ထုတ်တော်လှန်၊ အောင်ပွဲခံ၍
နိုင်ငံအန္တရာယ်၊ အသွယ်သွယ်ကို
ကာကွယ်ဖယ်ရှား၊ အားလေးပါးနှင့်
ဖွဲ့ထားကျစ်လျစ်၊ စဉ်မြဲသစ်သည့်
မျိုးချစ်များ၏ တပ်မတော်။

* တပ်မတော်နေ့၊ သည်ယနေ့ဝယ်
မေမေ့သားကောင်း၊ အောင်စစ်ကြောင်းကို
သောင်းသောင်းဖြဖြ၊ ကြိုဆိုကြ၍
လှပသီကုံး၊ စံပယ်ကုံးနှင့်
တင့်ထုံးညွန့်ဝေ၊ အောင်သပြေနှင့်
ပိျုမေတို့ကမ်း၊ မေတ္တာပန်းကို
ရွှင်လန်းခံယူ၊ အောင်ပန်းကြူသည့်
ပြည်သူချစ်ခြင်း၊ သည်မြင်ကွင်းသည်
ရင်တွင်းချမ်းမြေ့လှတကား။ ။

တက္ကသိုလ်ညိုညိုသန့်

အင်တာနက်ကျန်းမာရေး

ခန္ဓာယိုယွင်းမှုကိုစစ်ဆေးရန် ကိုကိုးတွင်ပါဝင်သောဓာတ်ကကူညီ အနက်ရောင်ချောကလက်က ကျန်းမာရေးကို ပိုမိုအထောက်အကူပြု

ချောကလက်သည် ကျန်းမာရေးကို အထောက်အကူပြုသည့် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များမှလာသည့်အချက်ကို လူအများစုက မေ့လျော့နေတတ်ကြသည်။

အဓိကအခန်း

ချောကလက်၌ အဓိကပါဝင်သော ကိုကိုးစေ့တွင် ခန္ဓာကိုယ်ယိုယွင်းမှုကို စစ်ဆေးရန်အတွက် အောက်စီဂျင်ဓာတ်ပြုမှုကို နှေးကွေးစေသည့်ဓာတ်တစ်မျိုး ပါဝင်မှုနှုန်း မြင့်မားပြီး ယင်းဓာတ်သည် ခန္ဓာကိုယ်ကျန်းမာရေးကို အထောက်အကူပြုရာတွင် အဓိကအခန်းမှပါဝင်သည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားကြသည်။

အထူးသဖြင့် နို့ချောကလက်ထက် အရောအနှောဓာတ်ပေါင်းများ ပိုမိုကြွယ်ဝပြီး အရသာရှိကာ နူးညံ့သောအနက်ရောင် ချောကလက်တွင် ကိုကိုးမှုန့်၊ ချောကလက်ရည်နှင့် ကိုကိုးထောပတ်တို့ပါဝင်သည့် ကိုကိုးအစိုင်အခဲလိုက်ပါဝင်မှုနှုန်း များပြားသောကြောင့် အနက်ရောင်ချောကလက်ကို စားသုံးခြင်းသည် လူ၏ခန္ဓာကိုယ်ကျန်းမာရေးကို ပိုမိုအကျိုးပြုကြောင်း ယင်းသုတေသနပြုချက်၌ တွေ့ရှိရသည်ဟုဆိုသည်။

ထိရောက်စွာအကျိုးပြု

သစ်သီးဝလံမှထုတ်လုပ်သည့်တိုင် ကိုကိုးမှုန့်သည် စပျစ်သီးမှထုတ်လုပ်သည့် စပျစ်ဝိုင်ထက်အရသာ ပိုထူးကဲပြီး လူ၏ခန္ဓာကိုယ်ကျန်းမာရေးကို ထိရောက်စွာ အကျိုးပြုကြောင်း ရှန်ဟိုင်းမှ သုတေသနပညာရှင် ခရစ္စတီယန်ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

ဘဝအမောပြေ

တင်စားလိုက်ပုံက ....

တစ်ခုသော ညနေခင်းတွင် ပန်းခြံတစ်ခုအတွင်း၌ ချစ်သူဘဝရောက်ခါစ ချစ်သူနှစ်ဦး လမ်းလျှောက်ရင်း သာယာနာပျော်ဖွယ်သောစကားကို အမျိုးသားက မနားတမ်း ပြောနေလေသည်။

အမျိုးသား။ ။ ကိုယ့်မျက်စိထဲမှာ မင်းဟာ စံပယ်ပန်းလေးလို ဖြူစင်တယ်။
အမျိုးသမီး။ ။ အင်း၊ ပြောပါဦး။
အမျိုးသား။ ။ နှင်းဆီပန်းလေးလိုလည်း ရနံ့သင်းသင်းနဲ့လှနေတယ်။
အမျိုးသမီး။ ။ တကယ်လား။
အမျိုးသား။ ။ နတ်သမီးလေးတစ်ပါးလိုလည်း မြင်မိတယ်။
အမျိုးသမီး။ ။ ကြားရတာသိပ်နားဝင်ချိုတာပဲ။

ထိုအခါ အမျိုးသားက အရှိန်ရနေသော စကားကိုအလိုက်သင့် ဆက်လက်ပြောဆိုလိုသော သဘောဖြင့် သူပီပီသသ မပြောတတ်သော စကားကို ဆိုလိုက်ရာ–

အမျိုးသား။ ။ ဒီထက်နားဝင်ချိုအောင်ပြောရရင် မင်းရဲ့မျက်နှာလေးဟာ စဏ္ဍာလ (စန္ဒာလ)လို ဝိုင်းစက်ရွှန်းပနေတော့တာပဲ။
အမျိုးသမီး။ ။ "ဘာ"

အာကာသသိပ္ပံ

အမေရိကန် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် ဥက္ကာပျံများနှင့် တိုက်မိမည့်အန္တရာယ်မှ ကာကွယ်နိုင်ခဲ့



အာကာသအတွင်းရှိ အာကာသယာဉ်နှင့် စခန်းဆီသို့ ချဉ်းကပ်လာသည့် ဥက္ကာပျံများနှင့် မတိုက်မိအောင် ရှောင်ရှားနိုင်ရေးအတွက် အာကာသယာဉ်စခန်းနှင့် လွန်းပြန်ယာဉ်အပေါ်ရှိ အာကာသယာဉ်မှူးများအား ၎င်းတို့၏စခန်းနှင့်ယာဉ်အား မူလလမ်းကြောင်းမှ လေးလက်မခန့်ရွှေ့ရန် အမိန့်ပေးခဲ့ရကြောင်း အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)က မတ် ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

လိုရာခိုင်းနိုင်

အာကာသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးများသည် အာကာသအတွင်းရှိ အာကာသယာဉ်နှင့် စခန်းဆီသို့ ချဉ်းကပ်လာသည့် ဥက္ကာပျံများနှင့် မတိုက်မိစေရန် ၎င်းတို့၏ယာဉ်ကို လိုရာခိုင်းနိုင်သည့် ဒုံးစက်အငယ်စားများကို မီးရှို့ပစ်ခဲ့ရကြောင်း သိရသည်။

ယင်းသို့ပြုလုပ်ကာ အာကာသလွန်းပြန်ယာဉ်ကို သုံးနာရီမျှ ထိန်းချုပ်ခြင်းဖြင့် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်တို့သည် အာကာသအတွင်း ဥက္ကာပျံများရန်မှ လွတ်မြောက်စေခဲ့သည်။

ယခုကဲ့သို့ဖြစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းသည် တတိယအကြိမ်ဖြစ်ပေါ်ခဲ့ပြီး မတ် ၁၂ရက်နှင့် ပြီးခဲ့သော သီတင်းပတ်ကလည်း ယခုဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဘဝဒဿန

■ *The best way to escape from a problem is to solve it.*

❐ *ပြဿနာရပ်တစ်ရပ်မှ လွတ်မြောက်စေမည့် အကောင်းဆုံးသော နည်းလမ်းမှာ ထိုပြဿနာကို ဖြေရှင်းပစ်ရန်ပင်ဖြစ်သည်။*

ဘရင်ဒန်ဖရန့်စစ်(ပြင်သစ်လူမျိုးစာရေးဆရာ)

နိုင်ငံတကာ သတင်းစုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဆွာဇီလန်နိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး



ဆွာဇီလန်နိုင်ငံသည် အာဖရိကတိုက်တောင်ဘက်ပိုင်း အိန္ဒိယ သမုဒ္ဒရာကမ်းရိုးတန်းဒေသအနီး၌ တည်ရှိသည်။ ဤနိုင်ငံသည် ကမ္ဘာပေါ်၌နောက်ဆုံးကျန်ရှိနေသည့် အကြွင်းမဲ့အာဏာသုံးစွဲသည့် ဘုရင့်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ဘုရင်က တိုင်းသူပြည်သားများကို အမိန့်အာဏာဖြင့် အုပ်ချုပ်သည်။ တိုင်းသူပြည်သားအများစုသည် ကျေးလက်ဒေသတွင် ရိုးရာလုပ်ငန်းခွင်ဘဝအတိုင်း အေးအေးချမ်းချမ်းနေထိုင်ကြသည်။ ကမ္ဘာတစ်ဝန်း လူမှုဘဝ အပြောင်းအလဲများ မည်မျှဖြစ်ပေါ်လာသည်ဖြစ်စေ ဤနိုင်ငံမှ ဘုရင့်အာဏာမှာ မပြောင်းမလဲ တည်မြဲလျက်ရှိသည်။

ကြွေးကြော်

တတိယမြောက် အမ်ဆွာတီဘုရင်သည် ၁၉၈၆ ခုနှစ်ကတည်းက နန်းတက်ခဲ့သည်။ ဘုရင်အမ်ဆွာတီသည် မိဖုရား အမြောက်အမြား တော်ကောက်ကာ နှစ်ပေါင်း ၆၁ နှစ်ကြာ နိုင်ငံကို အုပ်ချုပ်သွားသူ ဖခင် ဘုရင်ဆိုဘူဇာ၏ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းထားသည်။ ဘုရင်ဆိုဘူဇာက ၁၉၇၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး နိုင်ငံရေးပါတီများကို တားမြစ်ပိတ်ပင်လိုက်သည်။ ဘုရင်အမ်ဆွာတီသည် အာဏာခွဲဝေယူရန် စိတ်အားထက်သန်မှုရှိကြောင်း မပြသပေ၊ သို့သော် တားမြစ်ခံရသည့် အတိုက်အခံပါတီများနှင့် အလုပ်သမားသမဂ္ဂများက ဒီမိုကရေစီကို တောင်းဆိုနေကြသည်။ ဘုရင့်အာဏာကို ကန့်သတ်ရမည်ဟု ကြွေးကြော်လျက်ရှိသည်။

ဆွာဇီလန်သည် ၁၉၀၃ ခုနှစ်တွင် ဗြိတိသျှအထိန်းသိမ်းခံနိုင်ငံ ဖြစ်လာသည်။ ၁၉၀၇ ခုနှစ်တွင် ဗြိတိသျှမဟာမင်းကြီးပိုင် နယ်မြေဖြစ်လာသည်။ ၁၉၂၁ ခုနှစ်တွင် ဘုရင်ဆိုဘူဇာ ထီးနန်းဆက်ခံသည်။ ၁၉၆၄ ခုနှစ်တွင် အင်ဘိုကိုဗိုအမျိုးသားလှုပ်ရှားမှုပါတီ(အိုင်အင်န်အမ်)ကို ဘုရင်ဆိုဘူဇာထူထောင်၍ ဥပဒေပြုကောင်စီသစ်တွင် ပါဝင်စေသည်။

ပေါ်ထွက်

၁၉၆၇ ခုနှစ်တွင် ဥပဒေပြုကောင်စီကို ဖျက်သိမ်းသည်။ အထက်လွှတ်တော် နှစ်ရပ်အတွက် ရွေးကောက်ပွဲကျင်းပသည်။ အောက်လွှတ်တော် အမတ်နေရာ ၂၄ နေရာ စလုံးကို အိုင်အင်န်အမ်ပါတီက ရရှိသည်။ ရွေးကောက်ပွဲတွင် တစ်နေရာမှ အနိုင်မရသော်လည်း ၁၉၆၂ခုနှစ်က ထူထောင်သည့် အင်ဝိန်းအမျိုးသားလွတ်မြောက်ရေးကွန်ဂရက်ပါတီ(အင်န်အင်န်အယ်လ်စီ)က အဓိကအတိုက်အခံပါတီအဖြစ် ပေါ်ထွက်လာသည်။

၁၉၆၈ခုနှစ်တွင် ဆွာဇီလန်နိုင်ငံအား နေသဟာယအသင်းဝင်အဖြစ်ဖြင့် လွတ်လပ်ရေး ပေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုသည်။ အာဏာသည် ပါလီမန်သစ်တွင် ရှိသည်။ ၁၉၇၂ခုနှစ် ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အမတ်နေရာ ၂၁နေရာကို အိုင်အင်န်အမ်ကရရှိပြီး ကျန်သုံးနေရာကို အင်န်အင်န်အယ်လ်စီပါတီက ရသည်။ ၁၉၇၃ခုနှစ်တွင် ဘုရင်ဆိုဘူဇာက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး နိုင်ငံရေးပါတီများကို မတရားသင်းအဖြစ် ကြေညာသည်။

နတ်ရွာစံ

၁၉၇၇ခုနှစ်တွင် ပါလီမန်စနစ်ကို ဖျက်သိမ်းပြီး အစဉ်အလာ လူမျိုးစုကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းသည်။ ၁၉၇၈ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပြီး ၁၉၇၉ခုနှစ်တွင် ပါလီမန်ပြန်လည်ဖွဲ့စည်းသည်။ ၁၉၈၂ခုနှစ်တွင် တော်ဝင်မိသားစုဝင်များဖြင့် ဖွဲ့စည်းထားသည့် ဆွာဇီလန်အမျိုးသားကောင်စီကို နိုင်ငံတော်ဗဟိုကောင်စီ(လီကိုကို)အဖြစ် အမည်ပြောင်းလိုက်သည်။ ၁၉၈၂ခုနှစ်တွင် ဘုရင်ဆိုဘူဇာ နတ်ရွာစံသည်။

လွှဲအပ်လိုက်

၁၉၈၂ခုနှစ်တွင် မင်းသားမာကိုဆက်တစ် အသက်၂၁နှစ်အရွယ် ရောက်သည်အထိ ရင်ခွင်ပိုက်အစိုးရတာဝန်ကို မိဖုရားကြီးဇေလီဝေအား အပ်နှင်းသည်။ ၁၉၈၃ခုနှစ်တွင် ထိုတာဝန်ကို မင်းသား၏မယ်တော်မိဖုရား အင်တွန်ဘီအား လွှဲအပ်လိုက်သည်။

၁၉၈၃ခုနှစ်တွင် ပြည်သူ့ညီညွတ်ရေးဒီမိုကရက်တစ် လှုပ်ရှားမှုပါတီ(ပူဒီမို)ကို ဖွဲ့စည်းသည်။ ၁၉၈၆ခုနှစ်တွင် မင်းသားမာကိုဆက်တစ်က သုံးနှစ်စော၍ တတိယမြောက် အမ်ဆွာတီဘုရင်ဘွဲ့ခံကာ ထီးနန်းဆက်ခံလိုက်သည်။ ၁၉၈၆ခုနှစ်တွင် ဘုရင်အမ်ဆွာတီက နိုင်ငံတော်ဗဟိုကောင်စီ(လီကိုကို)ကို ဖျက်သိမ်းလိုက်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပူဒီမိုပါတီက ဒီမိုကရေစီပြုပြင်ရေးတောင်းဆိုသည်။

ဖြစ်ပွား

၂၀၀၅ခုနှစ် ဩဂုတ်လတွင် ဘုရင်ကဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်မှတ်ထိုးသည်။ ၂၀၀၇ခုနှစ် ဇူလိုင်လတွင် မန်ဗီနီစီးပွားရေးမြို့တော်၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ။

ကိုးကား–အင်တာနက် **တိုး ရေးသားသည်။**

ဆွာဇီလန်နိုင်ငံသည် အာဖရိကတိုက်တောင်ဘက်ပိုင်း အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းဒေသအနီး၌ တည်ရှိ၊ ဤနိုင်ငံသည် ကမ္ဘာပေါ်၌နောက်ဆုံးကျန်ရှိနေသည့် အကြွင်းမဲ့ အာဏာသုံးစွဲသည့် ဘုရင့်နိုင်ငံ တစ်နိုင်ငံဖြစ်၊ ဘုရင်က တိုင်းသူပြည်သားများကို အမိန့်အာဏာဖြင့် အုပ်ချုပ်၊ တိုင်းသူပြည်သားအများစုသည် ကျေးလက်ဒေသတွင် ရိုးရာလုပ်ငန်းခွင် ဘဝအတိုင်း အေးအေးချမ်းချမ်းနေထိုင်ကြ၊ ကမ္ဘာတစ်ဝန်း လူမှုဘဝအပြောင်းအလဲများ မည်မျှဖြစ်ပေါ်လာသည်ဖြစ်စေ ဤနိုင်ငံမှ ဘုရင့်အာဏာမှာ မပြောင်းမလဲ တည်မြဲလျက်ရှိ။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၅၆၂

၁။ ဦးမြင့်သန်း **နှင့်** ၁။ ဦးမြင့်ဆွေ

၂။ ဒေါ်သစ်သစ် ၂။ ဒေါ်မြင့်မြင့်သန်း

တရားနိုင်များ **တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၄၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် မေ ၁၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာ၊ မြောက်လားသော်လမ်း၊ အရှေ့လားသော် ဦးဖိုးဆိတ်မြေအစပ်၊ တောင်လားသော်ရွာလမ်းမကြီး၊ အနောက်လားသော် ရွာလမ်းသွယ်၊ ၄င်း နယ်လေးရပ်အတွင်းရှိ နေအိမ်အဆောက်အအုံ၊ ရက်ကန်းရုံ၊ ရက်ကန်းပစ္စည်းရပ်များ၊ တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ၊ တပ်ဆင်ထားသော ကိရိယာပစ္စည်းရပ်များ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ Float Glass မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်) ယင်းစွဲတောင်တွင် စိန်လွန်တွင်း Diamond Core Drill Hole (၉)တွင်း တူးဖော်၍ Quartzite Investigation ပြုလုပ်ပေးရန် မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

တင်ဒါရောင်းချရက်၊ အချိန် ၂၄-၃-၂၀၀၉ရက်(ရုံးချိန်)၊ ရုံးချိန်အတွင်း

တင်ဒါပိတ်ရက်၊ အချိန် ၁၀-၄-၂၀၀၉ရက်၊ ၁၆း၀၀နာရီ

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း စီမံကိန်းဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်သို့ ဆက်သွယ်စုံစမ်း၍ တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၆၇-၄၀၈၂၀၈၊ ၄၀၈၃၈၆။

ပထမအကြိမ် ဓမ္မပူဇာသဘင်

ဦးကြွယ်ဟိုးလမ်းမိသားစု၏ ပထမအကြိမ် ဓမ္မပူဇာသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်မြို့ ၊ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အရှေ့ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၌ ကျင်းပမည်ဖြစ်ပါသည်-

(က) ချမ်းမြေ့ဆရာတော် ၂၈-၃-၂၀၀၉ရက်နှင့် ၂၉-၃-၂၀၀၉ရက် ည၇နာရီ

(ခ) ဆရာတော်အရှင်သောဘိတာဘိဝံသ ၃၀-၃-၂၀၀၉ရက် ည၇နာရီ

(ဂ) ယောဆရာတော်အရှင်သီရိန္ဒာဘိဝံသ ၃၁-၃-၂၀၀၉ရက် ည၇နာရီ

(ဃ) ဒေါက်တာနန္ဒမာလာဘိဝံသ ၁-၄-၂၀၀၉ရက် ည၇နာရီ

ဦးကြွယ်ဟိုးလမ်းမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၂၂၇၄ Yamaha DT 125R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၉/မရတ(နိုင်)၀၃၉၅၈၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၅၆၅

၁။ ဦးမြင့်သန်း **နှင့်** ဦးညီမောင်

၂။ ဒေါ်သစ်သစ်

တရားနိုင်များ **တရားရှုံး**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် မေ ၁၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာ၊ မြောက်လားသော်မြေကွက်လပ်၊ အရှေ့လားသော် ရွာလမ်းကြား၊ တောင်လားသော် ရွာလမ်းမကြီး၊ အနောက်လားသော် ရွှေလင်းယုန်ဆီစက်၊ ၄င်းနယ်လေးရပ်အတွင်းရှိ နေအိမ်အဆောက်အအုံ၊ ရက်ကန်းရုံ၊ ရက်ကန်းပစ္စည်းရပ်များ၊ တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံနှင့် တပ်ဆင်ထားသောပစ္စည်းရပ်များ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချ မည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၃၀၃၇၉ Kenbo KB 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၁၄/အဂပ(နိုင်)၀၇၃၂၂၉၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ဟသ်္သာတ)။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မမင်းမင်းစိုး(ခ)ဂျမီလာသည် မိဘညီအစ်ကို မောင်နှမအား ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုလုပ်သဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၄င်းကိစ္စနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **ဖခင်-ဦးအုံးမောင်**
၁၂/တမန(နိုင်)၀၇၇၃၄၉
အမှတ်-၅၆၊ ၇ လွှာ-A၊ ၁၃၃လမ်း၊ ပုဇ္ဇွန်တောင်ရပ်ကွက်၊ တာမွေမြို့နယ်။

မော်တော်ယာဉ်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် ၂၈/၃၈၃၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြဝင်း ၁၀/ကထန(နိုင်)၀၀၁၀၁၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ် -၅၆၁

၁။ ဦးမြင့်သန်း **နှင့်** ၁။ ဦးပြေသိန်း

၂။ ဒေါ်သစ်သစ် ၂။ ဒေါ်မြင့်မြင့်ဌေး

တရားနိုင်များ **တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် မေ ၁၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာ၊ မြောက်လားသော် ရွာလမ်းမကြီး၊ အရှေ့လားသော် ဦးမောင်ကို မြေအစပ်၊ တောင်လားသော်ဒေါ်အေးရီ မြေအစပ်၊ အနောက်လားသော်ရွာလမ်းသွယ်၊ ၄င်းနယ်လေးရပ်အတွင်းရှိ နေအိမ်အဆောက်အအုံ၊ ရက်ကန်းရုံ၊ တပ်ဆင်ထားသော လျှပ်စစ်မီတာနှင့်တကွ တပ်ဆင်ထားသော ကိရိယာပစ္စည်းရပ်များ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံလေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ၊ တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ တလိုင်းရပ် ရွာသစ်နေ အဖ(ဦးဇင်)-မိခင် ဒေါ်သိန်းရွှေ ၉/တသန(နိုင်)၀၄၆၂၀၂တို့၏ သမီး မလဲ့လဲ့စိုး ၉/တသန(နိုင်)၀၉၀၉၅၄သည် မိဘ၏ဆုံးမ ပြောဆိုခြင်းကို မနာခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်သည်။ **ဒေါ်သိန်းရွှေ။**

ကန့်ကွက်နိုင်ပါသည်

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းပွဲရုံ အဆောင်(က/၁)၊ အခန်း ၆၊ လေထိုးကျွတ်ဖာဆိုင်ခန်းကို မူလပိုင်ရှင် ဦးခင်မောင် မှတ်ပုံတင်အမှတ် ၁၂/သဃက (နိုင်)၀၈၂၂၃၃ ထံမှ ကျွန်တော်ဦးဌေးမြင့် မှတ်ပုံတင်အမှတ် ၁၄/မအပ(နိုင်)၀၁၇၅၁၉က ဝယ်ယူခဲ့ပြီး ယခုအခါ ဆိုင်ခန်း အမည်ပြောင်းလိုပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်း အပြည့်အစုံဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ ကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဌေးမြင့်
၁၄/မအပ(နိုင်)၀၁၇၅၁၉
ခ/၉၂၊ အောင်မေတ္တာလမ်း၊
စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် C.C/၄၊ ဦးပိုင်အမှတ်(၈၆) ၅၆လမ်း×၅၇လမ်း၊ အနော်ရထာလမ်း×ဘုရင့်နောင်လမ်းကြား ဦးသန်းဆွေ အမည်ပေါက်မြေကွက်ကို ဒေါ်တင်ထွေး ၉/မနတ(နိုင်)၀၆၈၉၂၆ က အမှုတွဲအမှတ် ၂၃၃၂/ ၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

စာအုပ် စာပေ လူ့မိတ်ဆွေ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ်၁ခ/၃၇၇၉၊ မလမ/၂၄၉၀၇၊ မလမ/၄၉၈၃၄ ယာဉ်လက်ဝယ်ရှိသူဦးချိုနိုင်၁၀/ကထန(နိုင်) ၀၁၀၂၂၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူလျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)။

ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက် စက်ရေတွင်းဖွင့် ငွေကျပ် ၄၃ သိန်းဖြင့် အကုန်အကျခံဆောင်ရွက်

ချောင်းဦး မတ် ၂၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေကျပ် ၄၃ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သော ရန်အောင်မြေရပ်ကွက်ရှိ နှစ်လက်မ စက်ရေတွင်းသစ်နှင့် ရေစက်ရုံ၊ရေကန်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက်က အဆိုပါမှုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်စိုး၊ ရန်အောင်မြေရပ်ကွက် စက်ရေတွင်းရေကော်မတီဥက္ကဋ္ဌ ဦးသန်းဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက်လမ်း

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သိုက်တူးကန်ကျေးရွာနှင့် ညောင်နီကျေးရွာချင်းဆက် မြေသားလမ်း ဆောင်ရွက်မှုကို မတ် ၇ ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဘွားနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးလှိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



မီးရှို့ဖျက်ဆီး

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မတ် ၇ ရက်က ပလတ်စတစ်ကြွပ်ကြွပ်အိတ် အမှိုက်များ သီးခြားလွတ်ကင်းသောနေရာတွင် မီးရှို့ဖျက်ဆီးမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းခိုင်ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၅၂)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ဖွင့်

ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ကို ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်း - ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)၏ လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံအနီး လမ်းအသုံးပြုခ ကောက်ခံရေးစခန်းကို တွေ့ရစဉ်။(သတင်း - ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့အလင်း (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

- တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ — စာ - ၈
- တပ်မတော်အရည်အသွေးနှင့် တပ်မတော်တာဝန် — ရတနာစည်ဆရာတော်(လှိုင်လင်)၏ ဆောင်းပါး စာ - ၉
- တပေါင်း — ဇော်ချစ်၏ ကဗျာ စာ - ၁၀

- တပ်မတော်နေ့ — တက္ကသိုလ် ညိုညိုသန့်၏ ကဗျာ စာ -၁၁

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး